# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် ‘ဒေါသ’ ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၆ ရက် | ၂၀၂၃ ခုနှစ်၊ ဇူလိုင် ၂၃ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၂)၊ အမှတ်(၂၉၂)




စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီး၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

## သန့်ရှင်းသာယာသောမြို့၊ ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များ အားတက်သရောဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၂**

မိမိတို့၏ နေ့စဉ်လူမှုဘဝနေထိုင်ဖြတ်သန်းရာတွင် ကျန်းမာရွှင်လန်းသော လူမှုပတ်ဝန်းကျင်ကို ပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စိတ်နှလုံးချမ်းမြေ့ဖွယ်ရာ မျက်စိပသာဒဖြစ်ပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် ပတ်ဝန်းကျင်တစ်ခုရှိရန် အလွန်လိုအပ်အရေးကြီးလှသည်။ မိမိတို့ တစ်ဦးချင်းနေထိုင်ကြသည့် ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်နေမှသာလျှင် သန့်ရှင်းသာယာလှပသော မြို့၊ ရွာ Clean city၊ Clean Village များဖြစ်လာမည်ဖြစ်ပြီး ကျန်းမာရေးနှင့် ညီညွတ်မှုတမည် ဖြစ်သည့်အတွက်

*စာမျက်နှာ ၃ ကော်လံ ၁* ❁

## စစ်တွေမြို့ပေါ် ရပ်ကွက်များနှင့် စာသင်ကျောင်းများ၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်း

**စစ်တွေ ဇူလိုင် ၂၂**

ရခိုင်ပြည်နယ် စစ်တွေမြို့တွင် တပ်မတော် ဆေးဘက်ဆိုင်ရာ သူနာပြုတပ်ဖွဲ့နှင့် ဌာနဆိုင်ရာ အဖွဲ့စည်းများ၊ လူမှုရေး အဖွဲ့အစည်းများ၊ ပြည်သူလူထုများ ပူးပေါင်း၍ လူနာအခြေပြု ရပ်ကွက်နှင့် အခြေခံပညာကျောင်း ၁၅ ကျောင်းတွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ယနေ့ နံနက်ပိုင်းက ဆောင်ရွက်ကြသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❒




## နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည် သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**ယနေ့ မာ တိ ကာ**

**အယ်လ်နီညိုကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ သက်ရောက်မှုများအပေါ် ကြိုတင်စီမံပြင်ဆင်ခြင်း** ဆောင်းပါး စာ ၆

........................

**မြန်မာ့ရိုးရာပြက္ခဒိန်နှင့် ဝါထပ်ခြင်း** ဆောင်းပါး စာ ၁၆

**နေ့ချင်းပြန် အပန်းဖြေခရီးသွားနိုင်မည့် ငလိုက်ဆင်စခန်းနဲ့ ငလိုက်ကမ်းသာ Eco Resort** ရှုနိုင်ငံမြင်ကွင်းကျယ် စာ ၁၈




# ကုန်ထုတ်လုပ်မှုမြင့်တင်ရေး အောင်မြင်အောင် ဆောင်ရွက်လိုစိတ်ရှိရန်လို

နိုင်ငံ့စီးပွားမြင့်တင်နိုင်ရေးအတွက် ကုန်ထုတ်လုပ်မှုမြှင့်တင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြကြောင်း သတင်းများတွင် တွေ့ရှိရသည်။ အထူးသဖြင့် လူဦးရေများပြားပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ အားအကောင်းဆုံးဖြစ်သည့် တိုင်းဒေသကြီးများနှင့် ပြည်နယ်များတို့က ပြည်တွင်းဖူလုံရေး၊ ပြည်ပသို့ပိုမိုတင်ပို့နိုင်ရေးနှင့် ပြည်ပသွင်းကုန်များ အစားထိုးထုတ်လုပ်နိုင်ရေးဟူ၍ အပိုင်းသုံးပိုင်း ခွဲခြားဆောင်ရွက်သွားကြရမှာဖြစ်သည်။

စိုက်ပျိုးရေးတွင် သီးနှံအထွက်နှုန်းများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေးနှင့် စွမ်းအားပြည့် စိုက်ပျိုးရေး၊ မွေးမြူရေးတွင်လည်း အသား၊ ငါး၊ ဥ၊ နို့ စသည်တို့ကို ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ဒေသတွင်းဖူလုံရုံမျှမက တစ်နိုင်ငံလုံးဖူလုံမှုရရှိရေး၊ MSME ကုန်ထုတ်လုပ်ငန်းများတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များကို အသုံးပြု၍ ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ရေးတို့ကို လမ်းညွှန်ထားရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ ဦးဆောင်သည့် အစိုးရများအနေဖြင့် မိမိတို့ဒေသတွင်းရှိ အရင်းအမြစ်များကို အကျိုးရှိဆုံး၊ အထိရောက်ဆုံးစီမံခန့်ခွဲကာ အောင်မြင်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်မှု ဖြစ်စဉ်များကို လေ့လာကြည့်ပါက ခေါင်းဆောင်များသည်အရေးပါသော ကဏ္ဍတွင်တည်ရှိနေသည့်အလျောက် ဖွံ့ဖြိုးတိုးတက်ရေး မျှော်မှန်းချက်အတွက် ပြင်းပြသော စိတ်အားထက်သန်သူများဖြစ်ရန် လိုသည်ဟု ပညာရှင်များက ဆိုသည်။ ထို့အပြင် ဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ဆောင်ရွက်ကြရမည့် ပညာရှင်များ၊ ဝန်ထမ်းများ၊ လုပ်ငန်းရှင်များ၊ တောင်သူများ၊ ကုန်ထုတ်လုပ်သူများအပါအဝင် ပြည်သူလူထုကို စိတ်ဓာတ်တက်ကြွအောင် နှိုးဆော်ပေးနိုင်သူ၊ စည်းရုံးသိမ်းသွင်းနိုင်သူများဖြစ်ရန်လည်း လိုအပ်သည်ဟုဆိုသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ခိုင်မာသည့် ရည်မှန်းချက်များချမှတ်ကာ ဦးဆောင်ပုဂ္ဂိုလ်နှင့် ကျယ်ပြန့်သော အကောင်အထည်ဖော် ဆောင်ရွက်သူများအကြား အပြန်အလှန်နားလည်မှုနှင့် တာဝန်ရှိမှုတို့အပေါ် အခြေခံ၍ ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိအောင် ကြိုးပမ်းကြရမည်ဖြစ်သည်။

မိမိတို့နိုင်ငံသည် မြေပေါ်မြေအောက်သယံဇာတများ ပိုင်ဆိုင်ထားသော်လည်း သယံဇာတတို့၏သဘောမှာ အကန့်အသတ်ရှိပြီး အချိန်တန်လျှင် ကုန်ခန်းသွားမည်ဖြစ်သည့်အလျောက် နိုင်ငံ့စီးပွားရေးကို သယံဇာတထုတ်လုပ်ရောင်းချမှုအပေါ်တွင် လုံးလုံးလျားလျားမှီခိုမှုမပြုဘဲ လူ့စွမ်းအားအရင်းအမြစ်ကို အားကောင်းမောင်းသန်ဖြစ်အောင် ပြုစုပျိုးထောင်ပြီး နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရန်ဆောင်ရွက်လျက်ရှိသည်။ "မြေပေါ်မြေအောက်သဘာဝသယံဇာတများ ထုတ်လုပ်ခြင်းကို နိုင်ငံ၏ရေရှည်အကျိုးစီးပွားကိုကြည့်၍ ထိန်းချုပ်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ၏ဂျီဒီပီမှာ မိမိတို့နိုင်ငံ၏ ရေမြေသဘာဝနှင့်တူညီသည့် ဒေသတွင်းနိုင်ငံများ၏ ဂျီဒီပီနှင့် နှိုင်းယှဉ်ပါက များစွာကွာခြားလျက်ရှိနေသေးကြောင်း၊ ဂျီဒီပီတိုးတက်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေသူများအားလုံး လုပ်ငန်းများအလိုက် အောင်မြင်အောင်ဆောင်ရွက်လိုစိတ်ရှိရန်လိုကြောင်း" နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံကုန်ထုတ်လုပ်မှုမြှင့်တင်ရေးအစည်းအဝေးတွင် ပြောကြားခဲ့ရာ ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားရေး၊ ဒေသတွင်းနိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိရေးအတွက် မိမိတို့ယခုထက်များစွာကြိုးစားကြရမည်ဖြစ်သည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် ကုန်ထုတ်လုပ်မှုမြင့်မားစေရန် မိမိတို့ပိုင်ဆိုင်ထားသည့် ရုပ်ဝတ္ထုအင်အား၊ ဓနအင်အားနှင့် လူအင်အားတို့ကို လူတို့၏ တီထွင်ကြံဆမှု၊ ကျွမ်းကျင်မှုတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ကြရခြင်းဖြစ်ရာ လူသားလျှင် အဓိက၊ လူသားလျှင်ပဓာနဖြစ်သည့်အလျောက် ကာယ၊ ဉာဏ၊ ဝီရိယစွမ်းအား၊ အသိပညာ၊ အတတ်ပညာ၊ နည်းပညာစွမ်းအားတို့ဖြင့် မိမိတို့ကျရာကဏ္ဍအလိုက် အားထုတ်ကြိုးပမ်းဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၂၂**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်းအရာထမ်း၊ အမှုထမ်းမိသားစုများသည် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ရွာသစ်ကြီးကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ တောင်ညိုတောရကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ ပညာရာမပရိယတ္တိစာသင်တိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ ရွှေဥမင်ဓမ္မသုခကျောင်းတိုက်၊ သာကေတမြို့နယ်ရှိ ဓမ္မသုခဝိပဿနာကျောင်းတိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ဓမ္မဝံသ(ဓမ္မဝုန်း)ကျောင်းတိုက်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ မောင်ထောင်ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ မဟာဝရိဇိန်ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ ဖားအောက်တောရကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ တောင်ကြီးကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အောင်မြေဇေယျာကျောင်းတိုက်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ ရတနာပုံကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်း ဥတ္တရသီရိမြို့နယ်၌ ၂၀၂၃ ခုနှစ် ကမ္ဘာ့သစ်ပင်စိုက်ပျိုးရေးနေ့အထိမ်းအမှတ် မိုးရာသီစုပေါင်းသစ်ပင် စိုက်ပျိုးပွဲတက်ရောက်

**နေပြည်တော် ဇူလိုင် ၂၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိ မြို့နယ်၌ ၂၀၂၃ ခုနှစ် ကမ္ဘာ့သစ်ပင်စိုက်ပျိုးရေးနေ့ အထိမ်းအမှတ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့ နံနက်ပိုင်းက မင်းကုန်းကျေးရွာအုပ်စု သဲကျွန်းကွက်သစ်၌ ကျင်းပရာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းက အမှာစကား ပြောကြားသည်။



ထို့နောက် သစ်ပင်စိုက်ပျိုးပွဲကျင်းပရာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်း၊ ဥတ္တရခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးမင်းခိုင်ဝင်း၊ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြတ်သိန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ စုစုပေါင်းအင်အား ၁၅၀ ခန့် စုပေါင်း၍ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ မိုးခေါင်ရေရှားမှုမဖြစ်ပေါ်စေရန်၊ သစ်တောသစ်ပင်များ ပြုန်းတီးမှုမဖြစ်ပေါ်စေရန်ရည်ရွယ်၍ မဟော်ဂနီ၊ ကျွန်း၊ တမာ၊ ခရေ၊ စိန်ပန်း၊ ယင်းမာ၊ ကုက္ကို၊ မဲဇလီ၊ ငုရွှေဝါနှင့် ပိတောက် စသည့် ပျိုးပင်ပေါင်း ၁၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ၂၀၂၃-၂၀၂၄ ခုနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဦးစီးဌာနတို့က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုတင်ပြရာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းက သုံးသပ်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

**အောင်မျိုးဝင်း**
**(ပြန်/ဆက်)**

## မကွေးမြို့၌ စားသုံးသူပြည်သူများ အသားဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရေးလုပ်ငန်းညှိနှိုင်းစည်းဝေး

**မကွေး ဇူလိုင် ၂၂**

မကွေးတိုင်းဒေသကြီးအတွင်းရှိ စားသုံးသူပြည်သူများ အသားများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရေးအတွက် တိုင်းဒေသကြီးအတွင်းရှိ အသားထုတ်လုပ်ရောင်းချသည့် လိုင်စင်ရလုပ်ငန်းရှင်များ၊ တိုင်းဒေသကြီးနှင့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့များရှိ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို ဇူလိုင် ၂၁ ရက်က မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးဦးအောင်ချိန်က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ စားသုံးသူပြည်သူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူ စားသုံးနိုင်ရေးအတွက် လက်ရှိမြေပြင်ပေါ်တွင် ရောင်းချလျက်ရှိသော အသားဈေးနှုန်းများအား လျှော့ချရောင်းချပေးနိုင်ရေးအတွက် တိုင်းဒေသကြီးအတွင်းရှိ အသားထုတ်လုပ်ရောင်းချသည့် လိုင်စင်ရလုပ်ငန်းရှင်များနှင့် တွေ့ဆုံရခြင်းဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် အသားများရောင်းချရာတွင် သတ်မှတ်ထားသော ဈေးနှုန်းများအတိုင်း ရောင်းချရန်နှင့် ကောင်းမွန် လတ်ဆတ်သော အသားများကိုလည်း ရောင်းချကြရန် တိုက်တွန်းလိုပါကြောင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များမှ တာဝန်ရှိသူများအနေဖြင့်လည်း အသားဈေးနှုန်းများ သတ်မှတ်ထားသော ဈေးနှုန်းများအတိုင်း ရောင်းချမှုရှိစေရေးအတွက် ကွင်းဆင်း စစ်ဆေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးထင်အောင်က သတ်မှတ်ထားသော အသားဈေးနှုန်းများ၊ လက်ရှိမြေပြင်ပေါ်တွင် ဖြစ်ပေါ်နေသော အသားဈေးနှုန်းများ၊ စားသုံးသူပြည်သူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်ရေး လျှော့ချရောင်းချသင့်သော အသားဈေးနှုန်းများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။



ထို့နောက် အသားထုတ်လုပ်ရောင်းချသည့် လိုင်စင်ရလုပ်ငန်းရှင်များက လျှော့ချရောင်းချနိုင်သည့် အသားဈေးနှုန်းများကို တင်ပြရာ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါ အစည်းအဝေးပွဲသို့ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ၊ အသားထုတ်လုပ်ရောင်းချသည့် လိုင်စင်ရလုပ်ငန်းရှင် ၁၀၅ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကိုစည်သူ(မကွေး)**

# အော်ဂဲနစ်စွန့်ပစ်ပစ္စည်းများနှင့် ဇီဝလောင်စာများကို အဖိုးတန်စွမ်းအင်အရင်းအမြစ်များအဖြစ်သို့ ပြောင်းလဲခြင်းဖြင့် လောင်စာဆီများအပေါ် မှီခိုအားထားမှုကို လျှော့ချနိုင်မည်

**နေပြည်တော်  ဇူလိုင်  ၂၂**

စပါးခွံလောင်စာသုံး Gasifier ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန၌ ကျင်းပသည်။



ဆွေးနွေးပွဲတွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ဇီဝလောင်စာ ဓာတ်ငွေ့ထုတ်လုပ်မှုသည် ရာသီဥတုပြောင်းလဲမှု၏ ဆိုးကျိုးများကို လျော့ပါးသက်သာစေပြီး စွမ်းအင်လိုအပ်ချက်များကို ကိုင်တွယ်ဖြေရှင်းရာတွင် ကြီးမားသည့် ထိရောက်မှုဖြစ်စေကြောင်း၊ အော်ဂဲနစ် စွန့်ပစ်ပစ္စည်းများနှင့် ဇီဝလောင်စာများကို အဖိုးတန်စွမ်းအင်အရင်းအမြစ်များအဖြစ်သို့ ပြောင်းလဲခြင်းဖြင့် လောင်စာဆီများအပေါ် မှီခိုအားထားမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ Gasifier နည်းပညာရပ်ကို ဒုတိယကမ္ဘာစစ်အတွင်း တွင်ကျယ်စွာ အသုံးပြုခဲ့ကြပြီး မြန်မာနိုင်ငံတွင် ၁၉၉၅-၉၆ ခုနှစ်မှစတင်၍ အသုံးပြုခဲ့ပါကြောင်း၊ အစိုးရဓာတ်အားစနစ် မရောက်နိုင်သောဒေသများ၊ ဓာတ်အားစနစ် ရောက်ရှိသော်လည်း ဓာတ်အားလုံလောက်စွာ မရရှိနိုင်သောဒေသများတွင် အသုံးပြုခဲ့ကြကြောင်း၊ ကျေးရွာလျှပ်စစ်မီးလင်းရေး လုပ်ငန်းများနှင့် ဆန်စပါးထွက်ရှိသော ဧရာဝတီတိုင်းဒေသကြီးတွင် အများဆုံးအသုံးပြုခဲ့သည်ကို တွေ့ရှိရကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် အသိပညာဖလှယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် မိမိတို့ တာဝန်ယူ တာဝန်ခံနိုင်မည့်ကဏ္ဍများ၊ အကြံပြုချက်များ၊ ပြုပြင်ရန်လိုအပ်သည်များကို ပွင့်လင်းစွာ ဆွေးနွေးပေးကြရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ထို့နောက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က ဝန်ကြီးဌာနအနေဖြင့် Gasifier များ အသုံးပြုနေသည့် MSME လုပ်ငန်းရှင်များ၊ အတွေ့အကြုံရှိ ပညာရှင်များနှင့် သီအိုရီပိုင်းဆိုင်ရာ၊ လက်တွေ့ပိုင်းဆိုင်ရာများကို ပေါင်းစပ်ဆောင်ရွက်မည့်အခြေအနေနှင့် Gasifier နှင့် ပတ်သက်၍ နိုင်ငံတကာစံချိန်စံညွှန်းများနှင့် အညီ သုတေသနစာတမ်းများ ဖတ်ကြားခြင်း၊ စနစ်ကျသည့် Gasifier များ တည်ဆောက်အသုံးပြုနိုင်သည်အထိ ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းတို့က တိုင်းဒေသကြီးအတွင်း စပါးခွံလောင်စာများ အသုံးပြု၍ Gasifier များ တိုးမြှင့်သုံးစွဲနေမှု၊ စံချိန်စံညွှန်းနှင့် ကိုက်ညီသည့် Gasifier များ တပ်ဆင်အသုံးပြုနိုင်ရေး ဆောင်ရွက်နေမှုနှင့် Gasifier သုံး ဆန်စက်များကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး အနီးကပ်စောင့်ကြည့်စစ်ဆေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားကြပြီး တာဝန်ရှိသူများက Gasifier ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖော်ထုတ်ချက်များ၊ စပါးခွံလောင်စာ တောင့်စက်ရုံ၏ စွန့်ပစ်ရည် စစ်ဆေးမှုဆိုင်ရာ ဆောင်ရွက်ချက်များ၊ Gasifier တည်ဆောက်နေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက စပါးခွံလောင်စာသုံး Gasifier များ၊ Gasifier စာတမ်းများ၊ Gasifier သုံးအင်ဂျင်များနှင့် Gasifier အသုံးပြုနေမှုအခြေအနေများကို ဝိုင်းဝန်းဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ တိုင်းဒေသကြီး/ပြည်နယ်/ပြည်ထောင်စုနယ်မြေ (နေပြည်တော်)တို့မှ MSME Agency ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီတို့မှ တာဝန်ရှိသူများ တက်ရောက်သည်။

စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတွင် ပုဂ္ဂလိကစက်မှု မှတ်ပုံတင်ထားသည့် စပါးခွံလောင်စာသုံး Gasifier လုပ်ငန်းများအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ၇၈ ခု၊ ပဲခူးတိုင်းဒေသကြီးတွင် ၁၆ ခု၊ မန္တလေးတိုင်းဒေသကြီးတွင် ၂ ခု၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၁၃ ခု၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၃၀၃ ခု စုစုပေါင်း ၄၁၂ ခုရှိပြီး ယင်းလုပ်ငန်း ၄၁၂ ခုအနက် ဆန်စက်လုပ်ငန်းတွင် အသုံးပြုနေသော Gasifier ၃၁၉ ခုဖြစ်ပြီး အခြားလုပ်ငန်းတွင် အသုံးပြုနေသော Gasifier ၂၁ ခုရှိကြောင်း သိရသည်။

ယခုအလုပ်ရုံဆွေးနွေးပွဲကို ဌာနများအလိုက် ဆောင်ရွက်မှုများအား ပြည့်စုံစွာ ဆောင်ရွက်နိုင်ရန်၊ MSME လုပ်ငန်းများအတွက် လိုအပ်ချက်များနှင့် ကိုက်ညီစေရန်၊ ပြည်တွင်းမှ ထုတ်လုပ်မှု စွန့်ပစ်ပစ္စည်းများကို အသုံးပြု၍ ပြည်တွင်းထုတ် Gasifier များဖြင့် လျှပ်စစ်လိုအပ်ချက်ကို ဖြည့်ပေးနိုင်ရန်၊ Gasifier သုံး စက်မှုလုပ်ငန်းများကို အားပေးခြင်းဖြင့် လျှပ်စစ်ဓာတ်အားရရှိစေရန်၊ စွန့်ပစ်စပါးခွံများ စုပုံနေမှုမဖြစ်စေရန်၊ စွန့်ပစ်ပြာများကို ပြန်လည်အသုံးပြုနိုင်ရန်စသည့် ဆင့်ပွားအကျိုးကျေးဇူးများ ရရှိစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စိုက်ပျိုးထုတ်လုပ်မှု မထိခိုက်စေဘဲ စိုက်ပျိုးရေချွေတာနိုင်မည့်မျိုးနှင့် နည်းပညာများ ပြောင်းလဲအသုံးပြုနိုင်ရေး ကြိုးပမ်း

**နေပြည်တော်  ဇူလိုင်  ၂၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ မြေပြန့်နှင့် တောင်ပေါ်ကုန်းမြင့် ယာစပါးမျိုးများ မျိုးမွေးမြူရွေးချယ်ခြင်း သုတေသနလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ယာစပါးမျိုးများ မျိုးမွေးမြူရွေးချယ်ခြင်း သုတေသနလုပ်ငန်း ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ရာသီအလိုက် တိုးချဲ့ဆောင်ရွက်သွားမည့်သုတေသနလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ရာသီဥတုဖောက်ပြန်လာမှုကြောင့် စိုက်ပျိုးရေ ရှားပါးလာသဖြင့် တောင်သူအများစုက လယ်စပါးကို အခြောက်စိုက်ယာစပါးပုံစံ စိုက်ပျိုးလာကြောင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနအနေဖြင့် တောင်သူများကို ပူးပေါင်းပါဝင်စေကာ မျိုးများရွေးချယ်၍ ရေခက်ခဲသည့် ဒေသများတွင် လယ်စပါးစိုက်ပျိုးမှုမှ ရာသီဥတုနှင့် လိုက်လျောညီထွေမှုရှိသည့် အထွက်ကောင်း ယာစပါးများ အစားထိုးစိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားရန် လိုကြောင်း၊ ကုန်းမြင့်ယာစပါးနှင့် မြေပြန့်ယာစပါးမျိုးများ၏ မျိုးဗီဇအလိုက် အထွက်နှုန်းနှင့် စားသုံးမှု အရည်အသွေး အားသာချက်များအပေါ် မူတည်၍ ဒေသအလိုက် မျိုးကောင်းမျိုးစေ့များ ထုတ်ပေးနိုင်ရေးအတွက် သုတေသနပညာရှင်များ ဝိုင်းဝန်းကြိုးပမ်းပေးကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။



ရာသီဥတုသိသာစွာ ပြောင်းလဲလာမှုနှင့်အတူ ရာသီဥတု ပူပြင်းလာခြင်း၊ မိုးရွာသွန်းမှုများ လျော့ကျလာခြင်းတို့ကြောင့် သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် ထိခိုက်မှု မဖြစ်ပေါ်စေရေးအတွက် ရာသီဥတုနှင့် လိုက်လျောညီထွေမှုရှိသည့် သီးနှံမျိုးနှင့် နည်းစနစ်များ ပြောင်းလဲအသုံးပြုရန် လိုအပ်လာမှုကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

❁ *ရှေ့ဖုံးမှ*

မိမိဒေသ၊ မိမိမြို့ရွာ သန့်ရှင်းသာယာရေးကို ဒေသခံများ၊ ဒေသတွင် တာဝန်ထမ်းဆောင်နေကြသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးတာဝန်ရှိသူများက မဖြစ်မနေဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့၊ ရွာဒေသများ သန့်ရှင်းသာယာလှပရေးကို အားတက်သရော ဆောင်ရွက်လျက်ရှိသည့်အပြင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းဖွင့်ရာသီတွင် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်း သာယာလှပရေးအတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ်အတွင်းရှိ မြို့နယ် ငါးမြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ်လေးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်လေးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၂ မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်၂၈ မြို့နယ်နှင့် ကရင်ပြည်နယ်သံတောင်ကြီးမြို့တို့၌ ဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာအဆောက်အဦများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း စသည့်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ထို့ပြင် မန္တလေးမြို့ပေါ်ရှိ တာဝန်သိလူငယ် လူရွယ်များစုစည်း၍ "မြို့ရွာ သန့်ရှင်းရောဂါကင်း၊ စုပေါင်းအမှိုက်ရှင်း" စာသားတံဆိပ်ပါတူညီဝတ်စုံများ ဝတ်ဆင်ပြီး မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် အမှတ်(၂၆) အခြေခံပညာအလယ်တန်းကျောင်းဝင်းအတွင်း၌ စုပေါင်းအမှိုက်ကောက်ခြင်းနှင့် ရပ်ကွက်နေပြည်သူများ တစ်ဖက်တစ်လမ်းမှ သက်သာချောင်ချိမှုရှိစေရန် ပြည်သူများထံမှ အမှိုက်တစ်ပိဿာလျှင် ၁၀၀ ကျပ်ဖြင့် ဝယ်ယူ၍ စနစ်တကျအမှိုက် စွန့်ပစ်ခြင်းများကို ဆောင်ရွက်ကြသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ စစ်တွေမြို့နယ်အတွင်းရှိ IDP စခန်းများသို့ ထောက်ပံ့ပစ္စည်းများပေးအပ်

စစ်တွေ ဇူလိုင် ၂၂

**ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ပိုင်းက စစ်တွေမြို့နယ်အတွင်းရှိ IDP စခန်းများသို့သွားရောက်၍ ထောက်ပံ့ပစ္စည်းများပေးအပ်ကာ ဘက်စုံသုံးဆိပ်ကမ်း၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ ဖြန့်ခွဲနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် သဲချောင်းကျေးရွာ Cyclone Shelter ၌ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ စစ်တွေမြို့နယ်အတွင်းရှိ IDP စခန်းများသို့ ဆန်ရိက္ခာထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

### နိုင်ငံတော်မှ ကူညီထောက်ပံ့ပေး

အခမ်းအနားတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများ များစွာရှိပါကြောင်း၊ IDP စခန်းများတွင် စခန်း၏ကောင်းရာကောင်းကျိုးများကို လုပ်ဆောင်နေကြသည့် စခန်းတာဝန်ခံကို ယခုကဲ့သို့ ကျန်းမာစွာတွေ့ဆုံရသည့်အတွက် ဝမ်းသာပါကြောင်း၊ မုန်တိုင်းမဝင်ရောက်မီကာလတွင်လည်း မိမိတို့အစိုးရအဖွဲ့နှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြသည့် စခန်းတာဝန်ခံများကိုလည်း ကျေးဇူးတင်ပါကြောင်း၊ IDP စခန်းများနှင့် ကျေးရွာများတွင် မူလအနေအထားအတိုင်း စည်စည်ကားကားဖြင့် ရောင်းဝယ်ဖောက်ကားနေသည်ကို တွေ့ရသည့်အတွက်လည်း ဝမ်းမြောက်မိပါကြောင်း၊ မုန်တိုင်းဒဏ်သင့်မြို့နယ်များကို နိုင်ငံတော်မှ ဦးစားပေးအလိုက်အမိုးအကာအောက် ရောက်ရှိရေးကိစ္စရပ်များ၊ စားဝတ်နေရေးကိစ္စရပ်များ၊ ပညာသင်ကြားနိုင်ရန်ကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်မှ လိုအပ်သည့် ကူညီထောက်ပံ့ပေးရေးလုပ်ငန်းများ ဆောင်ရွက်နေသကဲ့သို့ မိမိတို့လက်ရှိလုပ်ဆောင်နေကြသည့် ရောင်းဝယ်ဖောက်ကားရေးလုပ်ငန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ ငါးဖမ်းလုပ်ငန်းများကိုလည်း ယခင်ကထက်တိုးတက်လာအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကိုလည်း ယခင်ထက် အထွက်နှုန်းကောင်းအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို တစ်ပိုင်တစ်နိုင် မွေးမြူနိုင်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ စခန်းတာဝန်ခံများကလည်း စည်းရုံးတိုက်တွန်းပေးကြစေလိုကြောင်း၊ လိုအပ်ချက်များရှိပါကလည်း စခန်းတာဝန်ခံများက သက်ဆိုင်ရာခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များသို့ ဆက်သွယ်အကြောင်းကြားကာ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ပညာရေးနှင့် ကျန်းမာရေးကိစ္စရပ်များအတွက် ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း၊ စခန်းတာဝန်ခံများအနေဖြင့် စခန်းသန့်ရှင်းသာယာရေးကို စခန်းအတွင်း နေထိုင်ကြသူများနှင့် ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ သို့မှသာ ရောဂါဘယများ ကင်းဝေးမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့က ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များရှိပါက တင်ပြပေးကြစေလိုကြောင်း၊ ယခုထောက်ပံ့ပေးအပ်မည့် ဆန်များကိုလည်း စခန်းတာဝန်ခံများက မျှမျှတတဖြင့် ဖြန့်ဝေပေးကြစေလိုကြောင်းနှင့် လိုအပ်ချက်များရှိပါက ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း ပြောကြားသည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးများက သဲချောင်း၊ ဒါးပိုင်း၊ သက္ကေပြင်၊ မော်သီညွာနှင့် ဘာဆာရာ IDP စခန်းများမှ စခန်းတာဝန်ခံများအား ဆန်ရိက္ခာများ ထောက်ပံ့ပေးအပ်ကြရာ စခန်းတာဝန်ခံတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သဲချောင်းကျေးရွာ Cyclone Shelter အား လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခေါင်းဒုက္ကာကျေးရွာသို့ သွားရောက်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ စခန်းတာဝန်ခံများနှင့် တွေ့ဆုံပြီး ဆန်ရိက္ခာထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်ကြသည်။

### ဆန်ရိက္ခာများထောက်ပံ့

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကူညီကယ်ဆယ်ရေးပစ္စည်းများ ဖြန့်ဝေပေးနေမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ ငါးဖမ်းလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရေး၊ စခန်းသန့်ရှင်းသာယာရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများအား ဆွေးနွေးပြောကြားသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးများက ခေါင်းဒုက္ကာ(၁)၊ ခေါင်းဒုက္ကာ(၂)၊ ဘောဒူဖ(၁)၊ ဘောဒူဖ(၂)၊ အုန်းတောကြီး(တောင်)၊ အုန်းတောကြီး(မြောက်)၊ ချမ်းသာကုန်နှင့် အုန်းတောချေ IDP စခန်းများမှ စခန်းတာဝန်ခံများအား ဆန်ရိက္ခာများ ထောက်ပံ့ပေးအပ်ကြရာ စခန်းတာဝန်ခံတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် စစ်တွေမြို့နယ်အတွင်းရှိ IDP စခန်းတွင် နေထိုင်ကြသူများအတွက် ဆန်ရိက္ခာ အိတ် ၁၄၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

### တွေ့ဆုံအားပေးစကားပြောကြား

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်းသို့ သွားရောက်ပြီး MV– WERU PACK KHA နှင့် ပြည်တော်အေး(၃) သင်္ဘောပေါ်မှ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုမည့်ပစ္စည်းများကို လူအင်အား စက်ယန္တရားအင်အားများ အသုံးပြုကာ ဘေးသင့်ဒေသများသို့ ဖြန့်ခွဲပေးရန် စီစဉ်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းဆောင်ရွက်နေကြသည့် ရဲတပ်ဖွဲ့ဝင်များအား တွေ့ဆုံအားပေးစကား ပြောကြားကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဖောင်တော်ကြီးဆိပ်ကမ်းသို့ သွားရောက်ကာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကုန်ပစ္စည်းများအား သင်္ဘောကြီးများဖြင့် တင်ဆောင်၍ ရခိုင်ပြည်နယ်အတွင်း ဖြန့်ဖြူးရောင်းချနိုင်ရန်အတွက် စက်ယန္တရားများဖြင့် အတင်အချပြုလုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး(ဝဲပုံ) လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**တင်ထွန်း(ပြန်/ဆက်)**



---

❒ *ရှေ့ဖုံးမှ*

တပ်မတော်ဆေးဘက်ဆိုင်ရာ သူနာပြုတပ်ဖွဲ့နှင့် ပူးပေါင်းအဖွဲ့သည် အခြေခံပညာ မူလတန်းကျောင်း မင်းဂံ အကွက်(၁၁)၊ အမှတ်(၉) အခြေခံပညာ အထက်တန်းကျောင်း မင်းဂံ၊ အခြေခံပညာ မူလတန်းကျောင်း မုန်စီ၊ အခြေခံပညာ မူလတန်းကျောင်း မင်းဂံ အကွက်(၁၄)၊ အခြေခံပညာ မူလတန်းကျောင်း လမ်းမတော်တောင် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ရွှေပြား၊ အခြေခံပညာ မူလတန်းကျောင်း တရားသီးစု၊ အခြေခံပညာအလယ်တန်းကျောင်း ဆင်ကူးလမ်း၊ အမှတ်(၁၅) အခြေခံပညာ မူလတန်းလွန်ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း ရေတပ်၊ အခြေခံပညာ မူလတန်းကျောင်း ဘိုးသာနှင့် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း များတွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် တပ်မတော် ဆေးဘက်ဆိုင်ရာမှ ပညာရှင်များနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီတပ်ဖွဲ့ လူမှုရေးအဖွဲ့အစည်းများ ပါဝင်သည့် အဖွဲ့သည် စစ်တွေမြို့နယ်အတွင်း စာသင်ကျောင်းရှိ စာသင်ခန်းများတွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဖြစ်သည့် သက်ကြီးခြင်ကောင် နှိမ်နင်းခြင်း၊ ခြင်ဆေးမှုတ်ခြင်း၊ (ဖုံး၊ သွန်၊ လဲ၊ စစ်) လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရေကန်၊ အုတ်ကန်များတွင် ပိုးလောက်လမ်း သေဆေး(အဘိတ်)ခတ်ခြင်းနှင့် ဆရာ ဆရာမများအား ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

---

## ချမ်းအေးသာစံမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

**မန္တလေး ဇူလိုင် ၂၂**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၂ – ၂၀၂၃ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယမန်နေ့က ချမ်းအေးသာစံမြို့နယ် သမဝါယမအသင်းစု အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် သဘာပတိ ဦးကြည်မောင်က အဖွင့်အမှာစကားပြောကြားပြီး ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ်ဘဏ္ဍာရေး ရှင်းတမ်း၊ ဒါရိုက်တာအဖွဲ့၏ ရှေ့လုပ်ငန်းစဉ်များ၊ အသင်းစာရင်းစစ် အစီရင်ခံစာများကို ဖတ်ကြားတင်ပြခဲ့ရာ သဘာပတိမှ အတည်ပြုခဲ့ပြီး ၂၀၂၁ – ၂၀၂၂ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသော အသင်းဝင်များ၏ သားသမီးများအား ဂုဏ်ပြုလက်မှတ်နှင့် ဆုငွေများ ပေးအပ်ခဲ့သည်။

ချမ်းအေးသာစံမြို့နယ် အသင်းစုတွင် အသင်းသား အသင်းသူ ၈၈ ဦးရှိပြီး အသင်းဝင်များအား အစုပေါ်အတိုးနှင့် ချီးမြှင့်ငွေများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

# ဆင်းသုခ မျိုးစေ့ထုတ်စံပြစိုက်ခင်း စုပေါင်းစိုက်ပျိုးပွဲနှင့် ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာများထောက်ပံ့

**ဘားအံ ဇူလိုင် ၂၂**

ကရင်ပြည်နယ်အတွင်း မျိုးကောင်းမျိုးသန့် လွှမ်းခြုံစိုက်ပျိုးနိုင်ရန် ယခုနှစ်တွင် မျိုးစေ့ထုတ်စိုက်ခင်း ဧက (၁၀၀၀) ကျော် စိုက်ပျိုးရန် ဆင်းသုခ မျိုးစေ့ထုတ်စံပြစိုက်ခင်း စုပေါင်းစိုက်ပျိုးပွဲနှင့် မြေဩဇာများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၂၂ ရက် နံနက် ၈ နာရီခန့်က ဘားအံမြို့နယ် ထုံးအိုင်ကျေးရွာ ကွင်းအမှတ် ၁၁၂၃-က၊ ဦးမောင်လွင်ပါ သုံးဦး၏ လယ် ၁၀ ဧက၌ ကျင်းပသည်။

မြေဩဇာများ ထောက်ပံ့ပေးအပ်သည့် အခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက စားရေရိက္ခာဖူလုံရေးနှင့် ပြည်တွင်းစီးပွား မြင့်တင်နိုင်ရေးအတွက် လယ်ယာထွက်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရန် အထွက်ကောင်း မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးကြရန် တောင်သူဦးကြီးများကို တိုက်တွန်းနှိုးဆော်လိုကြောင်း၊ မျိုးစေ့ထုတ်လုပ်ငန်းစဉ်တိုင်းကို လိုက်နာကျင့်သုံးနိုင်မှသာ အရည်အသွေးကောင်း မျိုးသန့်များကို ထုတ်လုပ်လာနိုင်မည်ဖြစ်သည့်အပြင် မျိုးအဖြစ် ပြန်လည်ရောင်းခြင်းမှ အကျိုးအမြတ်များ ပိုမိုရရှိကြမည်ဖြစ်ကြောင်း၊ မြေဆီလွှာအာဟာရ ဖြည့်တင်းခြင်း လုပ်ငန်းများကို အချိန်မီလုပ်ကိုင်ကြရန် လိုအပ်သကဲ့သို့ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများကို အချိုးကျကျ တွဲဖက်သုံးစွဲတတ်ရန်လိုကြောင်း၊ ထိုသို့တွဲဖက်အသုံးပြုခြင်းသည် ဓာတ်မြေဩဇာလေလွင့်ဆုံးရှုံးမှု လျော့နည်းစေသည့်အပြင် ထည့်သွင်းထားသည့် မြေဩဇာများကို သီးနှံပင်များ အပြည့်အဝ စားသုံးနိုင်မည်ဖြစ်သည့်အတွက် အထွက်နှုန်း တိုးစေသည့်အပြင် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကို ထိန်းသိမ်းရာရောက်ကြောင်း၊ တစ်ပြည်နယ်လုံး မျိုးကောင်းမျိုးသန့်များ ကျယ်ကျယ်ပြန့်ပြန့် လွှမ်းခြုံစိုက်ပျိုးနိုင်ရေး အတွက် ကျေးရွာတိုင်းတွင် မျိုးစေ့ထုတ်စိုက်ခင်းများ ထူထောင်ကြရန်၊ သီးနှံအထွက်နှုန်း တိုးတက်ရေးအတွက် အားသွန်ခွန်စိုက်ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ထုံးအိုင်၊ ကော့သံခါ၊ နောင်ထလုံး၊ ဝင်းကျန်၊ ကော့မူးသေ၊ ဖာလင်၊ ကော့ဒိုက်ပြင်ကျေးရွာများမှ မျိုးစေ့ထုတ်တောင်သူများအား ယူရီးယားဓာတ်မြေဩဇာ ၂၅ အိတ်နှင့် သဘာဝမြေဩဇာ အိတ် ၅၀ တို့ကို ထောက်ပံ့ပေးအပ်ရာ တောင်သူများကိုယ်စား တောင်သူ ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဒေသခံတောင်သူ လယ်သမားများက ထုံးအိုင်၊ ကော့သံခါ၊ နောင်ထလုံး၊ ဝင်းကျန်ကျေးရွာအုပ်စုများမှ ကောက်စိုက်သမများ၏ ဆင်းသုခ မျိုးစေ့ထုတ်စံပြစိုက်ခင်း စုပေါင်းစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ကြည့်ရှုအားပေးခဲ့ကြပြီး ကောက်စိုက်သမများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကာ တက်ရောက်လာသော တောင်သူလယ်သမားများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့နယ် ဝင်းကျန်ကျေးရွာအုပ်စု ကွင်းအမှတ်-၁၂၁၆-ခ တောကြီးကွင်းရှိ လပ်မြေဇရီယာ ၂၂ ဒသမ ၄၈ ဧကတွင် ရာသီသီးနှံ ဟင်းသီးဟင်းရွက် စိုက်ခင်းထူထောင်နိုင်ရေး ကြည့်ရှုစစ်ဆေးခဲ့ပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဌာနဆိုင်ရာများ၏ မိုးရာသီစုပေါင်းသစ်ပင် စိုက်ပျိုးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၂**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဌာနဆိုင်ရာများ၏ တတိယအကြိမ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ လှော်ကားရေဝေရေလဲဒေသ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာ ဝန်ထမ်းများအား စိုက်ပျိုးမည့်ပျိုးပင်များ ပေးအပ်ကြသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရတနာတန်းဝင်ပင်ဖြစ်သည့် ကျွန်းပင်အား ဦးဆောင် စိုက်ပျိုးပြီး တက်ရောက် လာကြသူများ၏ ပျိုးပင်များ စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။ (ဝဲပုံ)

အဆိုပါ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဌာနဆိုင်ရာများ၏ တတိယအကြိမ် မိုးရာသီ စုပေါင်းသစ်ပင် စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ပင် ၇၀၂၀ တို့ကို စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဘားအံ၌ စနေနေ့တိုင်း ကန်သာယာအခွန်လွတ်ဈေး စည်ကား

**ဘားအံ ဇူလိုင် ၂၂**

ကရင်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်ချက်များအရ ဘားအံမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ ကိုယ်တိုင်မွေးမြူ စိုက်ပျိုး၊ ထုတ်လုပ်သည့် သား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ စားသုံးဆီ စသည့်အခြေခံ စားသောက်ကုန်များကို ဒေသခံပြည်သူများထံသို့ ကိုယ်တိုင်ရောင်းစနစ်ဖြင့် ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ဘားအံမြို့ ကန်သာယာအခွန်လွတ်ဈေးတွင် အခြေခံစားသောက်ကုန်ပစ္စည်း ၁၉ မျိုးအား ရောင်းချပေးခဲ့ရာ ဈေးရောင်းဈေးဝယ်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၂၂**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် မိုးဆက်လက်ပိုနေမည်။

**မိုး/ဇလ**

# ရွှေဘိုမြို့၌ လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်စကားဝိုင်း ကျင်းပ

**ရွှေဘို ဇူလိုင် ၂၂**

ရွှေဘိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ယမန်နေ့နံနက်က ကျင်းပသည်။

ဦးစွာ ခရိုင်ပညာရေးမှူးကိုယ်စား လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်စိုးက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးမြွန်က လူငယ်များအနေဖြင့် အသိပညာဗဟုသုတများ ပိုမိုကြွယ်ဝစွာ ရရှိစေရန်နှင့် ရရှိပြီးသား အသိပညာဗဟုသုတများကို ပြန်လည်မျှဝေပေးခြင်း၊ ပရိသတ်များရှေ့၌ ထွက်ပြီးစကားပြောသည့်အတတ်ပညာ ကျွမ်းကျင်လာစေရန်၊ လူငယ်အချင်းချင်း ရင်းနှီးမှုများ ရရှိပြီး ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိခြင်းနှင့် ဗလငါးတန်ပြည့်ဝသည့်လူငယ်၊ လူရွှယ်များပေါ်ထွက်လာစေခြင်း စသည့်ရည်ရွယ်ချက်များဖြင့် လူငယ်စကားဝိုင်းများ ကျင်းပပေးရခြင်း ဖြစ်ကြောင်း ပြောကြားသည်။




အခမ်းအနားသို့ ကျောင်းသားကျောင်းသူ ၁၇၀ တက်ရောက်ခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ၊ ရသ စာအုပ်များကို ပြသထားရာ ကျောင်းသားကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အယ်လ်နီညိုကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ သက်ရောက်မှုများအပေါ် ကြိုတင်စီမံပြင်ဆင်ခြင်း

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အရာထမ်းများ**

### မခေါ်ဘဲလာနေတဲ့ အယ်လ်နီညို

“အယ်လ်နီညို” ဆိုတာ ယေဘုယျအနေနဲ့ပြောရရင် မိုးရွာသွန်းမှုပုံစံပြောင်းလဲလို့ ပြင်းထန်တဲ့ အပူလှိုင်းတွေ၊ မိုးခေါင်မှုတွေ ဖြစ်ပေါ်စေတာလို့ နားလည်မှတ်သားမိပါတယ်။ အယ်လ်နီညိုကြောင့် အချို့ဒေသတွေမှာ မိုးခေါင်ပေမယ့် အချို့ဒေသတွေမှာတော့ မိုးများပြီး ရေလွှမ်းမိုးမှုတွေလည်း ကြုံတွေ့ရတာမျိုးတွေရှိပါတယ်။ ဒီတော့ အယ်လ်နီညိုလို့ဆိုလာရင် မိုးရွာသွန်းမှုပုံစံမှုမမှန်တာ၊ အပူချိန်မြင့်မားတာ၊ မုန်တိုင်းတွေ ပုံမှန်မဟုတ်ဘဲ ဖြစ်ပေါ်တတ်ပြီး အလွယ်အနေနဲ့ပြောရရင်တော့ ကမ္ဘာ့ရာသီဥတုက ပုံမှန်မဟုတ်ဘဲ ဖောက်ပြန်တဲ့ ဖြစ်စဉ်လို့ပြောရမှာဖြစ်ပါတယ်။ အယ်လ်နီညိုက သာမန်အားဖြင့် နှစ်နှစ်ကနေ ခုနစ်နှစ်အတွင်း တစ်ကြိမ်ဖြစ်ပေါ်တတ်ပြီး တစ်ကြိမ်ဖြစ်ရင် တစ်နှစ်လောက်အထိ ကြာတတ်တာမျိုးပါ။ အယ်လ်နီညိုဖြစ်စဉ်က ပုံသေတော့မရှိဘဲ မတူကွဲပြားတတ်ပါတယ်။

ကမ္ဘာမှာ အယ်လ်နီညိုဖြစ်စဉ် နောက်ဆုံးဖြစ်ခဲ့တာကတော့ ၂၀၁၆ ခုနှစ်ကဖြစ်ပြီး အပူပြင်းဆုံးနှစ်အဖြစ် စံချိန်တင်ခဲ့ပါတယ်။ လတ်တလောမှာ အယ်လ်နီညိုနဲ့ပတ်သက်ပြီး ခန့်မှန်းချက်တွေကို တွေ့လာရပါတယ်။ မိုးလေဝသပညာရှင်တွေကတော့ ၂၀၂၃ ခုနှစ်နဲ့ ၂၀၂၄ ခုနှစ်အတွင်းမှာ အယ်လ်နီညိုဖြစ်လာမယ်လို့ တွက်ချက်ထားပါတယ်။ ကာလအပိုင်းအခြားအနေနဲ့ တိတိကျကျခန့်မှန်းထားတာကတော့ ၂၀၂၃ ခုနှစ် စက်တင်ဘာလကနေ ၂၀၂၄ ခုနှစ် မတ်လအတွင်းမှာ အယ်လ်နီညိုဟာ အားအကောင်းဆုံးကာလဖြစ်လာမယ်လို့ ဆိုပါတယ်။

### ကမ္ဘာနဲ့အဝန်းတွေ့ကြုံရမယ့် အယ်လ်နီညို

အယ်လ်နီညိုကြောင့် အမေရိကန်ပြည်ထောင်စုတောင်ပိုင်း၊ အရှေ့မြောက် အာဖရိကနဲ့ ဆိုမားလီးယားကျွန်းဆွယ်၊ အာရှအလယ်ပိုင်းဒေသတွေမှာ ရေလွှမ်းမိုးပြီး ဩစတြေးလျအရှေ့ပိုင်း၊ အင်ဒိုနီးရှား၊ တောင်အာရှနဲ့ အမေရိကအလယ်ပိုင်းဒေတွေမှာ မိုးခေါင်မှုနဲ့ အပူလှိုင်းကျရောက်နိုင်တယ်လို့ ကုလသမဂ္ဂက ကြေညာချက်ထုတ်ပြန်ထားပါတယ်။ ၂၀၂၃-၂၀၂၄ ခုနှစ်ကို အယ်လ်နီညိုနှစ်လို့ တရားဝင်သတ်မှတ်နိုင်တယ်လို့တောင် ဆိုထားပြန်ပါတယ်။

အယ်လ်နီညိုဖြစ်စဉ်က တစ်ကြိမ်နဲ့တစ်ကြိမ် သက်ရောက်မှုမတူပေမယ့် တောင်အာရှနဲ့ အရှေ့တောင်အာရှဒေသတွေမှာ မိုးခေါင်ရေရှားတာတွေ၊ ပိုမိုပူနွေးတာတွေ တွေ့ကြုံရလေ့ရှိပါတယ်။ စံချိန်သစ်တင်နိုင်တဲ့ အပူလှိုင်းဒဏ်ကိုလည်း အရှေ့တောင်အာရှဒေသအနေနဲ့ ရင်ဆိုင်ရနိုင်ပါတယ်။ မိုးခေါင်ရေရှားဖြစ်လို့၊ မြေဆီလွှာတွေခြောက်သွေ့လို့ စိုက်ပျိုးရေးအတွက် အခက်အခဲတွေ့ရတတ်ပါတယ်။ အထူးသဖြင့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုအပေါ် ကြီးမားတဲ့ သက်ရောက်မှုတွေ အရှေ့တောင်အာရှဒေသမှာ တွေ့ကြုံလာနိုင်ပါတယ်။

အတိတ်က ကြုံတွေ့ခဲ့ဖူးတဲ့ဖြစ်စဉ်တွေကို ပြန်ကြည့်ရင်တော့ ၂၀၁၅-၂၀၁၆ ခုနှစ်မှာ ဖြစ်ခဲ့တဲ့ အယ်လ်နီညိုကြောင့် ကမ္ဘာတစ်ဝန်းရှိ လူဦးရေ သန်း ၆၀ ဟာ ထိခိုက်ဆုံးရှုံးမှုတွေ ခံစားခဲ့ရပါတယ်။ အထူးသဖြင့် စားရေရိက္ခာပြတ်လပ်မှုဒဏ်ကို အများအပြား ခံစားခဲ့ရတာပါ။ အဲဒီအချိန်က အရှေ့တောင်အာရှရဲ့ ဆန်ထုတ်လုပ်မှုဟာ အယ်လ်နီညို မဖြစ်ခင် နှစ်နှစ်က ထုတ်လုပ်နိုင်မှုထက် တန်ချိန် ၁၅ သန်း လျော့နည်းသွားခဲ့ပါတယ်။ အကျိုးဆက်အနေနဲ့ ကမ္ဘာ့ဆန်ဈေးနှုန်းက ၁၆ ရာခိုင်နှုန်းအထိ မြင့်တက်သွားစေခဲ့ပါတယ်။



၂၀၁၅ – ၂၀၁၆ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဗီယက်နမ်နိုင်ငံ၌လယ်မြေများ ထိခိုက်ပျက်စီးမှု။

### မြန်မာနိုင်ငံနဲ့လည်း မစိမ်းတဲ့အယ်လ်နီညို

၁၉၉၇-၁၉၉၈ ခုနှစ်မှာ ဖြစ်ခဲ့တဲ့ အယ်လ်နီညိုဖြစ်စဉ်ကြောင့် မြန်မာနိုင်ငံရှိ မြို့ကြီး ၁၈ မြို့မှာ အပူချိန်အမြင့်ဆုံး စံချိန်သစ်များ တင်ခဲ့သလို မြို့ကြီး ၁၅ မြို့တွင် မိုးရေချိန်အနည်းဆုံးစံချိန်သစ်များ တင်ခဲ့ပါတယ်။ ၂၀၀၁ ခုနှစ်ကန ၂၀၂၀ ခုနှစ်အတွင်း မြန်မာနိုင်ငံဟာ အယ်လ်နီညိုရာသီဥတုကို ခုနစ်နှစ်ကြုံတွေ့ခဲ့ရာမှာ လေးနှစ်က မိုးခေါင်ရေရှားမှုကို ဖြစ်ပေါ်စေခဲ့ပါတယ်။ ၂၀၁၅-၂၀၁၆ ခုနှစ်မှာ ကြုံခဲ့ရတဲ့ အားကောင်းတဲ့အယ်လ်နီညိုကြောင့် စံချိန်တင်ပူပြင်းခြောက်သွေ့မှုမျိုး ကြုံတွေ့ခဲ့ရပါတယ်။ ၂၀၁၆ ခုနှစ်ထဲမှာ စံချိန်တင်မီးလောင်ကျွမ်းမှုတွေ ကြုံခဲ့ရသလို ပူပြင်းခြောက်သွေ့လွန်းတာကြောင့် သောက်သုံးရေရှားပါးမှုတွေလည်း ရင်ဆိုင်ခဲ့ရပါတယ်။ တစ်ဆက်တည်းမှာပဲ စိုက်ပျိုးရေးကဏ္ဍမှာ ပျက်စီးဆုံးရှုံးမှုတွေ ကြုံတွေ့ခဲ့ရပါတယ်။

မြန်မာနိုင်ငံအနေနဲ့ကတော့ “အယ်လ်နီညို” ဆိုတဲ့ ရာသီဥတုပုံမှန်မဟုတ်တဲ့ဖြစ်စဉ်က တစ်ခါမှမကြုံဖူးတဲ့ ထူးခြားဖြစ်စဉ် မဟုတ်တော့ဘဲ အတွေ့အကြုံရှိပြီးသားလို့ ဆိုနိုင်ပါတယ်။ အယ်လ်နီညိုကို အကြိမ်ကြိမ်ကြုံဖူးတာမို့ ပေါ့ပေါ့ဆဆနဲ့ သတိမမူဘဲနေတာမျိုး မဖြစ်စေချင်ပါဘူး။ သက်ဆိုင်ရာကဏ္ဍအလိုက်တော့ တတ်နိုင်သမျှ ကြိုတင်ပြင်ဆင်ထားဖို့လိုမှာ ဖြစ်ပါတယ်။ အဓိက သတိရှိရမှာကတော့ အယ်လ်နီညိုရဲ့သက်ရောက်လာနိုင်မှုက ၂၀၂၄ ခုနှစ် အစောပိုင်းကာလတွေမှာ ပိုမိုလာနိုင်တာကိုပါပဲ။ အထူးသဖြင့် မိုးစပါးနဲ့ နွေစပါးထုတ်လုပ်မှုမှာ ထိခိုက်နိုင်ခြေရှိနေတဲ့ ခန့်မှန်းချက်တွေကို တွေ့နေရလို့ပါ။

### အယ်လ်နီညို သက်ရောက်မှုများနိုင်တဲ့ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ

အယ်လ်နီညိုဖြစ်စဉ်နဲ့အတူ မိုးခေါင်ခြင်း၊ အပူလှိုင်းကျရောက်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းတို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများအပေါ် ထိခိုက်မှုရှိလာနိုင်ပါတယ်။ အထူးသဖြင့် ဆန်စပါး၊ ပဲမျိုးစုံနဲ့ ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုတွေဟာ မျှတတဲ့ရာသီဥတုအပေါ် များစွာမှီခိုနေရတာမို့ အယ်လ်နီညိုလို ပြင်းထန်တဲ့ရာသီဥတုမျိုးမှာ အထွက်နှုန်းတွေ ထိခိုက်လာနိုင်ပါတယ်။ အယ်လ်နီညိုကြောင့် အာရှတစ်ခွင်မှာ နှံစားသီးနှံနဲ့ ဆီထွက်သီးနှံများ ထုတ်လုပ်မှုကျဆင်းပြီး ကမ္ဘာ့လူဦးရေအချို့အတွက် အစားအစာပြတ်လပ်မှု မြင့်မားလာနိုင်ကြောင်းကို ၂၀၂၃ ခုနှစ် ဇွန်လ ၁ ရက်နေ့ကထုတ်တဲ့ ရိုက်တာသတင်းမှာ ဖော်ပြထားပါတယ်။ အယ်လ်နီညိုကြောင့် နိုင်ငံတော်တော်များများရဲ့ စိုက်ပျိုးရေးကဏ္ဍအပေါ် ထိခိုက်နိုင်တယ်လို့ ခန့်မှန်းထားပါတယ်။

၂၀၂၃ ခုနှစ် မတ်လမှမေလအထိ ဖြစ်ပေါ်ခဲ့တဲ့အပူလှိုင်းဟာ ထိုင်း၊ လာအိုနဲ့ မြန်မာနိုင်ငံတို့မှာ ၄၅ ဒီဂရီစင်တီဂရိတ်၊ ဗီယက်နမ်နဲ့ မလေးရှားနိုင်ငံတို့မှာ ၄၀ ဒီဂရီစင်တီဂရိတ်အထိ အပူချိန်မြင့်တက်ခဲ့တာကို တွေ့ရပါတယ်။ ယေဘုယျအားဖြင့် အပူချိန် ၃၀ ဒီဂရီစင်တီဂရိတ် ကျော်သွားရင် စပါးအထွက်နှုန်းလျော့ကျစေပါတယ်။ ဖိလစ်ပိုင်ရှိ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာနရဲ့ လေ့လာမှုအရ ခြောက်သွေ့ရာသီအတွင်း ညဘက်အပူချိန်က ပျမ်းမျှ ၁ ဒီဂရီ စင်တီဂရိတ်တိုးလာတိုင်း စပါးအထွက်နှုန်းက ပျမ်းမျှ ၁၀ ရာခိုင်နှုန်း ဆုံးရှုံးနိုင်တယ်လို့ ဆိုပါတယ်။ စံအရရှိသင့်တဲ့ အပူချိန်ထက်ကျော်လာတာနဲ့အမျှ စပါးအထွက်နှုန်းက လျော့ကျလာတာပါ။ အပူဒဏ်ခံရရင် ကစီဓာတ်ကိုလျော့နည်းစေတဲ့အပြင် အစေ့အဆန်များမှာ မြေဩဇာအာဟာရဓာတ်တိုးလာမှုကို လျော့ကျစေပါတယ်။ အပူဒဏ်ကြောင့် စပါးအထွက်နှုန်းသာမက အရည်အသွေးကိုပါ ထိခိုက်စေတာမျိုးတွေ့ရပါတယ်။ အယ်လ်နီညိုဖြစ်တဲ့ရာသီတွေဆိုရင် အပူဒဏ် သိပ်မခံနိုင်တဲ့ ပေါ်ဆန်းမွှေးအစား အပူဒဏ်ပိုခံနိုင်တဲ့ ညှော်မထလို စပါမျိုးစိုက်ရင် ထိခိုက်မှုပိုနည်းမှာဖြစ်ပါတယ်။

အယ်လ်နီညိုကြောင့် ပူပြင်းခြောက်သွေ့ကာ ရေရှားမှုဖြစ်ပေါ်နိုင်ပြီး တိရစ္ဆာန်အစာရေစာ ရှားပါးလာနိုင်ပါတယ်။ ကူးစက်ရောဂါနဲ့ အခြားရောဂါဖြစ်ပွားမှုလည်း ပိုများကာ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများလည်း ထိခိုက်နိုင်ခြေပိုများနိုင်ပါတယ်။ အခြားတစ်ဖက်မှာတော့

*စာမျက်နှာ ၇ သို့*

❖ **အယ်လ်နီညိုဖြစ်စဉ်က တစ်ကြိမ်နဲ့တစ်ကြိမ် သက်ရောက်မှုမတူပေမယ့် တောင်အာရှနဲ့ အရှေ့တောင်အာရှဒေသတွေမှာ မိုးခေါင်ရေရှားတာတွေ၊ ပိုမိုပူနွေးတာတွေ တွေ့ကြုံရလေ့ရှိပါတယ်။ စံချိန်သစ်တင်နိုင်တဲ့ အပူလှိုင်းဒဏ်ကိုလည်း အရှေ့တောင်အာရှဒေသအနေနဲ့ ရင်ဆိုင်ရနိုင်ပါတယ်။ မိုးခေါင်ရေရှားဖြစ်လို့၊ မြေဆီလွှာတွေခြောက်သွေ့လို့ စိုက်ပျိုးရေးအတွက် အခက်အခဲတွေ့ရတတ်ပါတယ်။ အထူးသဖြင့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုအပေါ် ကြီးမားတဲ့သက်ရောက်မှုတွေ အရှေ့တောင်အာရှဒေသမှာ တွေ့ကြုံလာနိုင်**

❖ **မြန်မာနိုင်ငံအနေနဲ့ကတော့ “အယ်လ်နီညို” ဆိုတဲ့ ရာသီဥတုပုံမှန်မဟုတ်တဲ့ဖြစ်စဉ်က တစ်ခါမှမကြုံဖူးတဲ့ ထူးခြားဖြစ်စဉ်မဟုတ်တော့ဘဲ အတွေ့အကြုံရှိပြီးသားလို့ ဆိုနိုင်ပါတယ်။ အယ်လ်နီညိုကို အကြိမ်ကြိမ်ကြုံဖူးတာမို့ ပေါ့ပေါ့ဆဆနဲ့ သတိမမူဘဲနေတာမျိုး မဖြစ်စေချင်ပါဘူး။ သက်ဆိုင်ရာကဏ္ဍအလိုက်တော့ တတ်နိုင်သမျှ ကြိုတင်ပြင်ဆင်ထားဖို့လိုမှာ ဖြစ်ပါတယ်။ အဓိက သတိရှိရမှာကတော့ အယ်လ်နီညိုရဲ့သက်ရောက်လာနိုင်မှုက ၂၀၂၄ ခုနှစ် အစောပိုင်းကာလတွေမှာ ပိုမိုလာနိုင်တာကိုပါပဲ။ အထူးသဖြင့် မိုးစပါးနဲ့ နွေစပါးထုတ်လုပ်မှုမှာ ထိခိုက်နိုင်ခြေရှိနေတဲ့ ခန့်မှန်းချက်တွေကို တွေ့နေရ**

*စာမျက်နှာ ၆ မှ*

ရေကြီးရေလျှံမှုများလည်း ဖြစ်ပွားလာနိုင်ပါတယ်။ တွေ့ကြုံရမယ့် အနေအထားအရ ငါးမွေးမြူရေးနဲ့ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းတွေမှာ အောက်မှာဖော်ပြထားတဲ့ စိန်ခေါ်မှုတွေ ကြုံတွေ့လာနိုင်တာမို့ စီးပွားရေးအရ ထိခိုက်နစ်နာမှုတွေ ဖြစ်ပေါ်လာနိုင်တာကိုလည်း သတိပြုရမှာဖြစ်ပါတယ်-

(က) ရေရှားပါးမှုကြောင့် တိရစ္ဆာန်အစာရေစာ ရှားပါးလာခြင်းနှင့် တိရစ္ဆာန်အစာများ ဈေးနှုန်းကြီးမြင့်လာခြင်း၊

( ခ ) ပူပြင်းခြောက်သွေ့မှုပြင်းထန်ကာ ရေချိုရရှိမှု ခက်ခဲလာနိုင်ခြင်း၊

( ဂ ) အပူချိန်မြင့်တက်မှုကြောင့် အောက်ဆီဂျင်လိုအပ်ချက်များပြားလာခြင်း၊

(ဃ) ရောဂါနှင့် အဆိပ်အတောက်ဖြစ်မှုများ မကြာခဏဖြစ်ပွားခြင်း၊

( င ) ဇီဝကမ္မဗေဒဆိုင်ရာ ဆိုးကျိုးထိခိုက်မှုများ ဖြစ်လာနိုင်ခြင်း၊

( စ ) မျိုးပွားထုတ်လုပ်မှု ကျဆင်းခြင်းနှင့် အစာမှအသားပြောင်းနှုန်း ညံ့ဖျင်းလာခြင်း၊

(ဆ) ဒေသရင်းမဟုတ်သော ရေနေသတ္တဝါများ ဝင်ရောက်လာမှုကြောင့် ဘေးဖြစ်နိုင်သောရေညှိရေမှော်များ အလွန်အကျွံပေါများလာခြင်း၊

( ဇ ) ရေလွှမ်းမိုးမှုများဖြစ်လာပါက တိရစ္ဆာန်များ၏ အသက်ဆုံးရှုံးမှုများကြုံရနိုင်ခြင်း။

၂၀၁၅-၂၀၁၆ ခုနှစ်က ကြုံတွေ့ခဲ့ရတဲ့ အယ်လ်နီညိုကြောင့် ဗီယက်နမ်နိုင်ငံမှာ ဆန်စပါးထုတ်လုပ်မှု ထိခိုက်ခဲ့တဲ့အပြင် မွေးမြူရေးတိရစ္ဆာန်ပေါင်း ၆၀၀၀ ကျော်သေဆုံးပြီး ငါးပုစွန်မွေးမြူရေးလုပ်ကွက်ပေါင်း ၇၀၀၀၀၀ ဟက်တာကျော် ပျက်စီးခဲ့ပါတယ်။ အလားတူပဲ ဖိလစ်ပိုင်နိုင်ငံရဲ့ အလယ်ပိုင်းနဲ့ တောင်ပိုင်းဒေသများမှာ မိုးခေါင်ရေရှားဖြစ်စဉ်ကြုံတွေ့ခဲ့ပြီး ငါးထုတ်လုပ်မှုကဏ္ဍမှာ ၂၀ ရာခိုင်နှုန်းကျဆင်းခဲ့ပါတယ်။ ကမ္ဘောဒီးယားနိုင်ငံမှာတော့ လူဦးရေ ၂ ဒသမ ၅ သန်းခန့်ဟာ မိုးခေါင်ရေရှားမှုကို ကြုံတွေ့ခဲ့ရပြီး စိုက်ပျိုးမြေနဲ့ မွေးမြူရေးလုပ်ငန်းတွေမှာ ဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။

**ဆန်စပါးထုတ်လုပ်မှုအပေါ် အယ်လ်နီညိုရဲ့ သက်ရောက်နိုင်မှု**

ယခုနှစ်အတွင်း ကမ္ဘာ့သမုဒ္ဒရာများမှာ စံချိန်တင်အပူချိန်မြင့်တက်လာမှုကြောင့် အပြင်းစားအယ်လ်နီညိုက နှစ်ကုန်ပိုင်းမှာ ဖြစ်ပေါ်လာနိုင်ပါတယ်။ အဲဒီအယ်လ်နီညိုကြောင့် ထိုင်း၊ လာအို၊ မြန်မာနဲ့ ဗီယက်နမ်နိုင်ငံမြောက်ပိုင်းဒေသတွေမှာ ရာသီဥတုပိုမိုပူနွေးလာပြီး အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ မလေးရှား၊ ကမ္ဘောဒီးယားနဲ့ ဗီယက်နမ်နိုင်ငံတောင်ပိုင်းဒေသတွေတော့ ပူနွေးပြီး ခြောက်သွေ့တဲ့ရာသီဥတုမျိုး ဖြစ်ပေါ်လာနိုင်ပါတယ်။ အယ်လ်နီညိုဟာ အဓိကဆန်ပါးစိုက်ပျိုးရေးဇုန်တွေပေါ်မှာ သက်ရောက်မှုတွေရှိလာမှာဖြစ်သလို မိုးစပါးရိတ်သိမ်းချိန်နဲ့ နွေစပါးစိုက်ပျိုးမယ့် အချိန်ကာလတွေမှာ ပိုမိုသက်ရောက်လာနိုင်တာဖြစ်ပါတယ်။ အယ်လ်နီညိုကြောင့် အရှေ့တောင်အာရှဒေသရဲ့ မိုးနဲ့နွေစပါးထုတ်လုပ်မှုတွေ လျော့ကျသွားနိုင်တယ်လို့ ခန့်မှန်းထားပါတယ်။

အယ်လ်နီညိုကြောင့် ပုံမှန်ထက်ရာသီဥတုဟာ စောစီးစွာခြောက်သွေ့လာနိုင်တာမို့ အထူးသဖြင့် ကမ္ဘာ့ဆန်စပါးစိုက်ပျိုးမှုနဲ့ စားသုံးမှုရဲ့ ၉၀ ရာခိုင်နှုန်းရှိတဲ့ အာရှတိုက်၏ ဆန်စပါးထုတ်လုပ်မှုကို အဟန့်အတားဖြစ်စေနိုင်ဖွယ်ရှိနေတာပါ။ လက်ရှိအချိန်မှာတောင် ကမ္ဘာ့ ဆန်စပါးထုတ်လုပ်နိုင်မှု အနေအထားကြည့်ရင် အားရဖွယ်မရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ ရာသီဥတုဖောက်ပြန်မှုကြောင့် ကမ္ဘာ့ဆန်စပါးအများဆုံးထုတ်လုပ်တဲ့ တရုတ်နဲ့အိန္ဒိယနိုင်ငံတို့မှာ စပါးရိတ်သိမ်းရာတွင် ဆုံးရှုံးမှုများခဲ့ပြီး ထုတ်လုပ်မှုကျဆင်းခဲ့ရပါတယ်။ ဆန်စပါးလေလွင့်မှုဟာ ကြမ်းတမ်းတဲ့ ရာသီဥတုအခြေအနေနဲ့ သိုလှောင်သိမ်းဆည်းတဲ့ အခြေခံအဆောက်အအုံတွေရဲ့ အရည်အသွေးမပြည့်မီမှုတွေကြောင့် ပိုမိုဆိုးရွားစွာ ပျက်စီးဆုံးရှုံးလာနိုင်တာကို သတိပြုမိဖို့ လိုပါတယ်။ ပြင်းထန်တဲ့ရာသီဥတုအောက်မှာ အထွက်နှုန်းကျဆင်းမှုနဲ့ လေလွင့်ဆုံးရှုံးမှုတွေကြောင့် ဆန်စပါးထုတ်လုပ်မှု ကျဆင်းစေပါတယ်။ ဆန်စပါးထုတ်လုပ်မှုကျဆင်းခြင်းဟာ ကမ္ဘာတစ်ဝန်းမှာရှိတဲ့ ဆန်စပါးရောင်းလိုအားအပေါ် ကြီးမားတဲ့ သက်ရောက်မှု ဖြစ်ပေါ်လာနိုင်ပါတယ်။

**အယ်လ်နီညိုအတွက် ကြိုတင်ပြင်ဆင်ထားရမယ့် အစီအမံများ**

အယ်လ်နီညိုကြောင့် သက်ရောက်မှုများ ကြုံတွေ့လာနိုင်ပေမယ့် အသစ်အဆန်းတော့ မဟုတ်ပါဘူး။ ရင်ဆိုင်ဖြေရှင်းဖို့ အတိတ်ကာလတွေမှာဖြစ်ခဲ့တဲ့ အယ်လ်နီညိုဖြစ်စဉ်တွေကနေ အတွေ့အကြုံတွေ၊ သင်ခန်းစာတွေ ရရှိထားပြီးဖြစ်ပါတယ်။ သင်ခန်းစာတွေ ရရှိခဲ့ပြီးဖြစ်တာမို့ ကြိုတင်ကာကွယ်မှုလုပ်ငန်းစဉ်တွေ၊ အယ်လ်နီညိုကြောင့် ထိခိုက်ဆုံးရှုံးမှုအပေါ် လျော့နည်းသက်သာစေရေး လုပ်ငန်းစဉ်တွေနဲ့ သဘာဝဘေး လျော့ချရေးလုပ်ငန်းစဉ်တွေမှာ အစီအမံတွေချမှတ်ဆောင်ရွက်ထားဖို့လိုပါတယ်။အယ်လ်နီညိုဆိုတာ ပြင်းထန်တဲ့မုန်တိုင်းကြီးတွေလို သဘာဝဘေးအန္တရာယ်မျိုးမဟုတ်ဘဲ အယ်လ်နီ ညိုရဲ့ သက်ရောက်မှုကို အလျင်စလိုမလိုဘဲ ဖြေရှင်းရမယ့်ကိစ္စသာ ဖြစ်ပါတယ်။

ဆန်စပါးစိုက်ပျိုးရေးလို အဓိကကျတဲ့ ကဏ္ဍအတွက်တော့ ကြိုတင်ပြင်ဆင်ထားရမယ့် အစီအမံအနေနဲ့ ကာလတို၊ ကာလလတ်၊ ကာလရှည်စသဖြင့် ပြည်နယ်နဲ့ တိုင်းဒေသကြီးကနေ နိုင်ငံတော်အဆင့်ထိ ထိရောက်တဲ့အစီအမံတွေ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ စိုက်ပျိုးရေးကဏ္ဍအတွက် ကာလတို၊ ကာလလတ်အနေနဲ့ ကြိုတင်ဆောင်ရွက်သင့်တဲ့ အစီအမံတွေကို အောက်မှာဖော်ပြထားပါတယ်-

(က) ရေလိုအပ်ချက်နည်းသော သက်တမ်းတိုအထွက်ကောင်းစပါးမျိုးအသုံးပြုခြင်း၊

( ခ ) ရာသီဥတုနှင့်သင့်လျော်သော စိုက်ပျိုးရေးနည်းစနစ်များအတွက် တောင်သူပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

( ဂ ) စိုက်ပျိုးရေအလေအလွင့်မရှိစေရေး သက်ဆိုင်ရာဌာနများမှ သတိပေးနှိုးဆော်ချက်များထုတ်ပြန်ခြင်း၊

(ဃ) အခြားသင့်တော်သော ရေနည်းလိုသီးနှံများနှင့် ဈေးကွက်လိုအပ်ချက်ရှိသော သီးနှံများကို အစားထိုးစိုက်ပျိုးထုတ်လုပ်ခြင်း၊

( င ) အစိုတစ်လှည့်၊ အခြောက်တစ်လှည့် ရေသွင်းစနစ် ကျင့်သုံးခြင်း၊

( စ ) မြေဆီလွှာကောင်းမွန်ရေးအတွက် တစ်ဝက်တစ်ပျက် မီးရှို့ထားသော စပါးခွံထည့်သွင်းခြင်း၊

(ဆ) သီးနှံအာမခံစနစ်များ ပြုလုပ်နိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း။

ကာလလတ်နဲ့ကာလရှည်အနေနဲ့ ဆောင်ရွက်သင့်တာကတော့ ဒေသအလိုက်သင့်တော်ပြီး မိုးခေါင်ရေရှားမှုဒဏ်အပေါ် ခံနိုင်ရည်ရှိတဲ့ စပါးမျိုးစေ့အသစ်တွေ ထုတ်လုပ်ပံ့ပိုးတာတွေ၊ စပါးမျိုးစေ့ဆိုင်ရာ သုတေသနဖွံ့ဖြိုးရေး လုပ်ငန်းတွေ၊ နိုင်ငံအနှံ့ရေစီမံခန့်ခွဲမှု စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်တာတွေ၊ စားနပ်ရိက္ခာအတွက် နိုင်ငံတော် အရန်ဆန်သိုလှောင်တာတွေလို မဟာဗျူဟာမြောက် အစီအမံတွေကို လိုအပ်သလို စီမံဖော်ဆောင်ပေးရမှာဖြစ်ပါတယ်။ မိုးရေရရှိမှုလျော့နည်းပြီး ဆည်ရေအဝင်နည်းနိုင်တာကြောင့် စိုက်ပျိုးရေးကဏ္ဍမှာ ရေကို ထိထိရောက်ရောက်သုံးစွဲကြဖို့ မလိုအပ်ဘဲ ရေအသုံးပြုရတဲ့လုပ်ဆောင်မှုတွေကို ဆင်ခြင်ဖို့၊ လျှော့ချဖို့၊ တားမြစ်ဖို့ လိုပါတယ်။ ရနိုင်တဲ့နည်းလမ်းနဲ့ စိုက်ပျိုးရေ၊ သောက်သုံးရေကြိုတင်စုဆောင်းထားဖို့လည်း လိုအပ်ပါတယ်။ အထူးသဖြင့် ရေကို အဓိကအသုံးပြုရတဲ့ မွေးမြူရေးလုပ်ငန်းတွေမှာ ရေရရှိနိုင်မှုလျော့နည်းနိုင်တာကို ကြိုတင်တွက်ဆပြီး လိုအပ်တာတွေ ပြင်ဆင်ထားကြဖို့လည်း လိုပါတယ်။

ဒါ့အပြင် ထိရောက်ထက်မြက်တဲ့ စုပေါင်းသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအစီအစဉ်တွေ၊ သတင်းအချက်အလက်တွေကို အချိန်မီထုတ်ပြန်ပေးနိုင်တဲ့ နည်းလမ်းတွေ၊ ပြန်ကြားဆက်သွယ်ရေးနည်းလမ်းတွေ၊ စားသုံးသူ အသိပညာပေးခြင်းတွေကိုလည်း စနစ်တကျ သရုပ်ပြလေ့ကျင့် စီစဉ်ဖော်ဆောင်ထားရမှာ ဖြစ်ပါတယ်။

အစီအမံတွေနဲ့ လိုအပ်တဲ့မူဝါဒတွေ ချမှတ်ကျင့်သုံးတဲ့အခါမှာလည်း ပို့ကုန်ဆိုင်ရာဆောင်ရွက်မှုတွေကို ချိန်ဆလုပ်ကိုင်ဖို့လည်း လိုပါတယ်။ ကမ္ဘာ့အစားအသောက်နှင့် စားနပ်ရိက္ခာအဖွဲ့ (FAO) ကတော့ ပို့ကုန်ဆိုင်ရာတင်းကျပ်မှုတွေဟာ လယ်သမားတွေအတွက် ဝင်ငွေနည်းစေတာ၊ ထုတ်လုပ်မှုလျော့ကျစေတာ၊ ရင်းနှီးမြှုပ်နှံမှုကျဆင်းစေတာ၊ ဈေးကွက်ဝေစုဆုံးရှုံးတာအပြင် နိုင်ငံခြားငွေလျော့ကျစေနိုင်တဲ့ ဆိုးကျိုးတွေကို ပေါ်ပေါက်စေနိုင်ကြောင်း သတိပေးထားတာ တွေ့ရပါတယ်။

**နိဂုံး**

အယ်လ်နီညိုဖြစ်စဉ်ဟာ မလွဲမသွေရင်ဆိုင်ရမယ့် အခြေအနေမှာရှိနေတာပါ။ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျပ်အတည်းနဲ့ စိန်ခေါ်မှုတွေရှိနေပေမယ့် အခြားတစ်ဖက်မှာလည်း အခွင့်အလမ်းအဖြစ် ပြောင်းလဲလို့ရနိုင်တဲ့ အနေအထားတွေကိုလည်း ကြိုးပမ်းဖော်ဆောင်လို့ ရနိုင်တယ်လို့ သုံးသပ်မိပါတယ်။ အကယ်၍ မြန်မာနိုင်ငံအနေနဲ့ ဆန်စပါး၊ ပဲအမျိုးမျိုးနဲ့ ဆီထွက်သီးနှံလို အရေးကြီး စိုက်ပျိုးရေးထုတ်ကုန်တွေရဲ့ ထုတ်လုပ်မှုကို ကျဆင်းမသွားစေဘဲ ထိန်းထားနိုင်မယ်ဆိုရင် ဈေးကောင်းကောင်းနဲ့ ကမ္ဘာ့ဈေးကွက်အသစ်တွေမှာ တင်ပို့နိုင်ခွင့်ကလည်း လက်တစ်ကမ်းမှာပဲရှိနေပါတယ်။ အယ်လ်နီညိုကြောင့် ကမ္ဘာနဲ့အဝန်း သိသာထင်ရှားတဲ့ စိန်ခေါ်မှုတွေ ဖြစ်ပေါ်လာနိုင်ချိန်မှာ ဆိုးကျိုးသက်ရောက်မှုတွေကို လျော့နည်းအောင်၊ ခံနိုင်ရည်ရှိအောင်၊ အကျပ်အတည်းကို အခွင့်အလမ်းအနေနဲ့ ပြောင်းလဲသွားအောင် အစိုးရနဲ့ပုဂ္ဂလိက အပါအဝင် အားလုံးက လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်သွားရမှာပဲဖြစ်ပါတယ်။ ပူးပေါင်းဆောင်ရွက်မှုတွေ ခိုင်မာအားကောင်းသွားမယ်ဆိုရင် အယ်လ်နီညိုဖြစ်စဉ်အပေါ် ကြံ့ကြံ့ခံရင်ဆိုင်နိုင်မှာဖြစ်သလို အခွင့်အလမ်းတွေကိုလည်း တတ်နိုင်သမျှ အမိအရဆုပ်ကိုင်သွားနိုင်လိမ့်မယ်လို့ ယုံကြည်ပါကြောင်း ရေးသားဖော်ပြအပ်ပါတယ်။

❍ **ယခုနှစ်အတွင်း ကမ္ဘာ့သမုဒ္ဒရာများမှာ စံချိန်တင်အပူချိန်မြင့်တက်လာမှုကြောင့် အပြင်းစားအယ်လ်နီညိုက နှစ်ကုန်ပိုင်းမှာ ဖြစ်ပေါ်လာနိုင်ပါတယ်။ အဲဒီအယ်လ်နီညိုကြောင့် ထိုင်း၊ လာအို၊ မြန်မာနဲ့ ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ဒေသတွေမှာ ရာသီဥတုပိုမိုပူနွေးလာပြီး အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ မလေးရှား၊ ကမ္ဘောဒီးယားနဲ့ ဗီယက်နမ်နိုင်ငံတောင်ပိုင်းဒေသတွေတော့ ပူနွေးပြီးခြောက်သွေ့တဲ့ရာသီဥတုမျိုး ဖြစ်ပေါ်လာနိုင်ပါတယ်။ အယ်လ်နီညိုဟာ အဓိကဆန်ပါးစိုက်ပျိုးရေးဇုန်တွေပေါ်မှာ သက်ရောက်မှုတွေရှိလာမှာဖြစ်သလို မိုးစပါးရိတ်သိမ်းချိန်နဲ့ နွေစပါးစိုက်ပျိုးမယ့် အချိန်ကာလတွေမှာ ပိုမိုသက်ရောက်လာနိုင်တာဖြစ်ပါတယ်။ အယ်လ်နီညိုကြောင့် အရှေ့တောင်အာရှဒေသရဲ့ မိုးနဲ့နွေစပါးထုတ်လုပ်မှုတွေ လျော့ကျသွားနိုင်တယ်လို့ ခန့်မှန်းထား**

❑ **အယ်လ်နီညိုဖြစ်စဉ်ဟာ မလွဲမသွေရင်ဆိုင်ရမယ့် အခြေအနေမှာရှိနေတာပါ။ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျပ်အတည်းနဲ့ စိန်ခေါ်မှုတွေရှိနေပေမယ့် အခြားတစ်ဖက်မှာလည်း အခွင့်အလမ်းအဖြစ် ပြောင်းလဲလို့ရနိုင်တဲ့ အနေအထားတွေကိုလည်း ကြိုးပမ်းဖော်ဆောင်လို့ ရနိုင်တယ်လို့ သုံးသပ်မိပါတယ်။ အကယ်၍ မြန်မာနိုင်ငံအနေနဲ့ ဆန်စပါး၊ ပဲအမျိုးမျိုးနဲ့ ဆီထွက်သီးနှံလို အရေးကြီးစိုက်ပျိုးရေးထုတ်ကုန်တွေရဲ့ ထုတ်လုပ်မှုကို ကျဆင်းမသွားစေဘဲ ထိန်းထားနိုင်မယ်ဆိုရင် ဈေးကောင်းကောင်းနဲ့ ကမ္ဘာ့ဈေးကွက်အသစ်တွေမှာ တင်ပို့နိုင်ခွင့်ကလည်း လက်တစ်ကမ်းမှာပဲရှိနေပါတယ်။ အယ်လ်နီညိုကြောင့် ကမ္ဘာနဲ့အဝန်းသိသာထင်ရှားတဲ့ စိန်ခေါ်မှုတွေ ဖြစ်ပေါ်လာနိုင်ချိန်မှာ ဆိုးကျိုးသက်ရောက်မှုတွေကို လျော့နည်းအောင်၊ ခံနိုင်ရည်ရှိအောင်၊ အကျပ်အတည်းကို အခွင့်အလမ်းအနေနဲ့ ပြောင်းလဲသွားအောင် အစိုးရနဲ့ပုဂ္ဂလိက အပါအဝင် အားလုံးက လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်သွားရမှာပဲဖြစ်**

**ကိုးကားသည့်ရင်းမြစ်များ**

ISEAS, Rice Production and Food Security in Southeast Asia under Threat from El Nino, 12 July 2023

www.theguardian.com

https://en.antaranews.com/news/288687/rice-stock-secure-in-facing-el-ni%C3%B1o-peak-agriculture-minister

https://www.reuters.com/markets/commodities/india-prohibits-export-non-basmati-white-rice-notice -2023-07-20/

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၂**

ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော် အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီး ဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လူအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ စေတီယျ ရပ်ကွက်ရှိ စေတီယျတောင်၌ သာသနိကအဆောက်အအုံများနှင့် ဘုရားစေတီများ အနီးပတ်ဝန်းကျင်နေရာများအား နယ်မြေခံတပ်နယ်မှ တပ်မတော်သားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး တိုင်းရင်းဆေးလုပ်ငန်းရှင်များက ပေးပို့လှူဒါန်းထားသည့် တိုင်းရင်းဆေးမျိုးစုံအား ပေးဝေခဲ့ကြသည်။

အလားတူ ဘူးသီးတောင်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မြို့သစ်ရပ်ကွက်ရှိ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၊ မီးရထားဆိပ် ရပ်ကွက်ရှိ မြို့မနာရီစင်လမ်းတစ်လျှောက် လမ်းဘေးဝဲ/ယာတို့၌ နယ်မြေခံတပ်နယ်မှ တပ်မတော်သားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး အမှတ်(၅) ရပ်ကွက်၊ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲသို့ တက်ရောက်ကာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ ယင်းနောက် အမှတ်(၅) ရပ်ကွက် အတွင်းရှိ နေအိမ်များ၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ တစ်အိမ်တက်ဆင်း လက်တွေ့ကွင်းဆင်း ဆောင်ရွက်နေမှုနှင့် မြို့ပေါ်ရပ်ကွက်များအလိုက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့အတူ ချင်းပြည်နယ် မတူပီမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် ခင်မောင်အေးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မတူပီတောင်တန်းသာသနာပြု ဗဟိုကျောင်းရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ တက်ရောက် သင်ကြားနေသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ဗလာစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ပြီး (ဝဲပုံ)ကျောင်းထိုင်ဆရာတော်အား ဆန်၊ ဆီ၊ ဆား၊ ပဲ နှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့သည်။



အလားတူ တီးတိန်မြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် ဝင်းကိုကိုသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ထေရဝါဒ ဗုဒ္ဓသာသနာပြု ဗဟိုကျောင်းရှိ ဘုန်းတော်ကြီးသင် ပညာရေး ကျောင်း၌ တက်ရောက်သင်ကြားနေသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ဗလာစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ပြီး ကျောင်းထိုင်ဆရာတော်အား ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် ခေါက်ဆွဲခြောက်များ ဆက်ကပ်လှူဒါန်းခဲ့သည်။ **(အပေါ်ပုံ)**



ထို့အတူ စစ်တွေမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် အောင်ကျော်မိုးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြည်နယ်စည်ပင်သာယာရေးရုံး အစည်းအဝေးခန်းမ၌ မြို့သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်များ စနစ်တကျစွန့်ပစ်နိုင်ရန်နှင့် ပတ်သက်၍ ပြည်သူလူထုအား တွေ့ဆုံဆွေးနွေးပြီး သဘာဝဘေးအန္တရာယ် ထူထောင်ရေးအတွက် ထပ်မံခွဲဝေရရှိသော ဆန်အိတ်များကို ဒေသခံပြည်သူများအတွက် ထုတ်ပေးနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အလားတူ ကျောက်တော်မြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် အောင်သူဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပိုက်သည်ရပ်ကွက်ရှိ မြို့အဝင်လမ်း၌ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် စိုက်ပျိုးရေး သိပ္ပံကျောင်းမှ ကျောင်းသား ကျောင်းသူများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်၊ ချမ်းမြေ့နဒီ စာကြည့်တိုက်နှင့် စိုက်ပျိုးရေး သိပ္ပံကျောင်းအတွက် သုတ၊ ရသ စာအုပ်/စာစောင်များအားပေးအပ်ခဲ့သည်။

ထို့အတူ ရမ်းဗြဲမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် ဇော်မင်းအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အမှတ် (၆) ရပ်ကွက်ရှိ မြို့တည်ဆုတောင်းပြည့် တန့်ရှင်ပင်စေတီတော် အနီး ပတ်ဝန်းကျင်နေရာများကို နယ်မြေခံတပ်မှ တပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှု အားပေးသည်။ ယင်းနောက် မြို့ပေါ်(၆)ရပ်ကွက်ရှိ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ လူနေအိမ်များနှင့် ဈေးဆိုင်များ၌ မိုးရာသီကာလအတွင်း ဖြစ်ပွားတတ်သည့် သွေးလွန်တုပ်ကွေးရောဂါနှင့် ခြင်ကိုက်ခံရခြင်းကြောင့် ဖြစ်ပွားတတ်သည့် အခြားရောဂါများ မဖြစ်ပေါ်စေရန်အတွက် ကြိုတင်ကာကွယ်ရေးအနေဖြင့် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ဘူးသီးတောင်မြို့တို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဇူလိုင် ၂၂**

ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့ အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံနှင့် ဘူးသီးတောင်မြို့ ဦးဥတ္တမခန်းမရှေ့တို့၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။



ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက တစ်ခဲနက် ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲ ဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

○ *ကျောဖုံးမှ*

ဗီယက်နမ်အသင်းသည် အမေရိကန်အသင်းဘက်သို့ ဂိုးကန်သွင်းမှုတစ်ကြိမ်မျှ ပြုလုပ်နိုင်ခြင်းမရှိဘဲ ဂိုးပြတ်ရှုံးနိမ့်ခဲ့သည်။ အမေရိကန်အသင်းအတွက် သွင်းဂိုးများကို စမစ်နှင့် ဟိုရန်တို့က သွင်းယူပေးခဲ့သည်။

### နိုင်ပွဲကို ဖော်ဆောင်

အုပ်စု (ဒီ) မှ အင်္ဂလန်နှင့် ဟေတီအသင်းတို့ပွဲစဉ်ကို ညနေ ၄ နာရီက ယှဉ်ပြိုင်ကစားခဲ့ပြီး အင်္ဂလန်အသင်းက ပွဲချိန် ၂၉ မိနစ်တွင် ရရှိခဲ့သော စတန်ဝေးက ပယ်နယ်တီသွင်းဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ပြိုင်ဘက်ဟေတီအသင်း၏ တုံ့ပြန်ကစားပုံကောင်းမွန်မှုကြောင့် အင်္ဂလန်အသင်း သွင်းဂိုးရရှိရန် အခက်တွေ့ခဲ့ရသည်။ သို့သော်လည်း အင်္ဂလန်အသင်းသည် ဘောလုံးပိုင်ဆိုင်မှုအသာ၊ ဂိုးကန်သွင်းမှုအသာနှင့်အတူ လိုအပ်သည့် နိုင်ပွဲကို ဖော်ဆောင်နိုင်ခဲ့သည်။

### ငါးဂိုးပြတ် အနိုင်ရရှိ

အခြားသောပွဲစဉ်အဖြစ် အုပ်စု (စီ) မှ ဇမ်ဘီယာနှင့် ဂျပန်အသင်းတို့ပွဲစဉ်ကို မွန်းလွဲ ၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ ဂျပန်အသင်းက ဂိုးအသာ၊ ခြေအသာဖြင့် ပွဲချိန်တစ်လျှောက် ဖိအားပေးကစားနိုင်ခဲ့ပြီး ငါးဂိုးပြတ် အနိုင်ရရှိခဲ့သည်။ ဂျပန်အသင်းအတွက် သွင်းဂိုးများကို မိယာဇဝါ၊ တာနာကာ၊ အန်ဒိုတို့က သွင်းယူပေးနိုင်ခဲ့သည်။

**အောင်ဇော်**

◆ *ကျောဖုံးမှ*

သွင်းဂိုး ငါးဂိုးအထိ တွေ့မြင်ခဲ့ရပြီး ရှေ့ဝတီအသင်းက နောက်ကျဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ အား/ကာသိပ္ပံအသင်းသည် ၄၇ မိနစ်တွင် သန်းတိုးအောင်၊ ၇၉ မိနစ်တွင် ဝင်းပြည့်မောင်တို့က ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့သော်လည်း ရှေ့ဝတီအသင်းအတွက် ချေပဂိုးများကို ၇၆ မိနစ်တွင် ရွှေကိုနှင့် မိနစ် ၈၀ တွင် ပီတာအောင်ဝေထူးတို့က သွင်းယူခဲ့သည်။ ရှေ့ဝတီအသင်းအတွက် အနိုင်ဂိုးကိုမူ ၈၉ မိနစ်တွင် ပီတာအောင်ဝေထူးက သွင်းယူခဲ့ခြင်းဖြစ်သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရှေ့ဝတီအသင်းတိုက်စစ်မှူး ရွှေကိုက ရရှိသည်။ ယခုပွဲအပြီးတွင် အား/ကာသိပ္ပံအသင်းက ၁၃ ပွဲကစား ရမှတ် ၂၀၊ ရှေ့ဝတီအသင်းက ၁၃ ပွဲကစား ၁၄ မှတ်ရရှိထားသည်။

ပွဲစဉ် (၁၃) တတိယနေ့အဖြစ် ဇူလိုင် ၂၃ ရက် (ယနေ့) တွင် သုဝဏ္ဏကွင်း၌ မဟာယူနိုက်တက်အသင်းနှင့် ကချင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## ကချင်ပြည်နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို လမ်းညွှန်မှာကြားချက်များနှင့်အညီ အလေးထားလိုက်နာ၍ တိုးမြှင့်ထုတ်လုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေး

မြစ်ကြီးနား ဇူလိုင် ၂၂

ကချင်ပြည်နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ အလေးထားလိုက်နာ၍ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်သော ပြည်နယ်အဆင့် ကျေးရွာစီမံကိန်း ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များသည် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် ဇူလိုင် ၂၂ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။



လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သမဝါယမလုပ်ငန်းနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ လမ်းညွှန်မှာကြားချက်များကို လိုက်နာရမည်ဖြစ်ကြောင်း၊ ပြည်နယ်အတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုများ ပိုမိုတိုးတက်မြင့်မားအောင်ဆောင်ရွက်ရာတွင် မိမိတို့အနေဖြင့် ညွှန်ကြားချက်များအပေါ် အလေးထားလိုက်နာဆောင်ရွက်ရန် လိုအပ်သကဲ့သို့ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သည့်အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် အချင်းချင်း ပူးပေါင်းချိတ်ဆက်၍ လျင်မြန်စွာဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းကြိုးစားသွားရန်လိုကြောင်း တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးများက လုပ်ငန်းကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ခရိုင်/မြို့နယ်များအလိုက် မြေပြင်စာရင်းမှန် စိစစ်၍ ဆောင်ရွက်သွားရမည့်ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသည့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက သက်ဆိုင်ရာခရိုင်များအလိုက် မြို့နယ်များတွင် စိုက်ပျိုးမွေးမြူရေးနှင့်ကုန်ထုတ်လုပ်မှုများ၊ စိုက်ပျိုးမြေဆိုင်ရာကိစ္စရပ်များ၊ ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးရေးဆောင်ရွက်ထားရှိသည့် အခြေအနေများနှင့် ကုန်ထုတ်လုပ်မှုများ တိုးတက်မြင့်မားရေး ဆောင်ရွက်သွားမည့် လုပ်ငန်းများကိုလည်းကောင်း၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြည်နယ်အတွင်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လုပ်ငန်းစီမံကိန်းများနှင့် ညှိနှိုင်းပေါင်းစပ်၍ ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြပြီး တင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ရှမ်းပြည်နယ်ဝန်ကြီးချုပ် မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် တောင်သူများအား ဓာတ်မြေဩဇာ ထောက်ပံ့

တောင်ကြီး ဇူလိုင် ၂၂

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးစိုင်းသော်ဝင်းနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဇူလိုင် ၂၂ ရက်က တောင်ကြီးမြို့နယ် မိုင်းသော်အရှေ့ကျေးရွာအုပ်စု မန်ကျည်းပင်ရွာတွင် မိုးစပါးပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် ဓာတ်မြေဩဇာ ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်ကြကြောင်း သိရသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တောင်သူ ဦးစိုးအောင် စိုက်ပျိုးထားသော မိုးစပါးပန်းတိုင် စံပြကွက်ကို လှည့်လည်ကြည့်ရှုကြပြီး မိုင်းသော်အရှေ့ကျေးရွာအုပ်စုရှိ ကျေးရွာများမှ တောင်သူများအား ပြည်နယ်ဝန်ကြီးချုပ်(**ယာပုံ**)၊ ပြည်နယ် သယံဇာတရေးရာဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်သည်။

အဆိုပါ မိုင်းသော်အရှေ့ကျေးရွာအုပ်စု မန်ကျည်းပင်ရွာတွင် မိုးစပါးစိုက်ပျိုးပြီးပါက ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ပြောင်း၊ နေကြာနှင့် အခြားသီးနှံများကို စိုက်ပျိုးကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တောင်သူ ဦးဖိုချို စိုက်ပျိုးထားသော (808) အစေ့ထုတ်ပြောင်းခြံကို ကြည့်ရှုကြပြီး ကိုအိုက်ဆီး ချယ်ရီရှမ်းဆန်စက်နှင့် ရွှေညောင်မြို့ လှိုင်ဘုံသာကျေးရွာရှိ ဦးသောင်းကြည် ကြက်ခြံကို သွားရောက်ကြည့်ရှုရာ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြကာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။ ထို့နောက် ဥစားကြက်ခြံ၊ ကြက်သားပေါက် ကြက်ခြံနှင့် ခြံအတွင်း မွေးမြူထားသော ငါးခူ ကန်တို့ကို လှည့်လည်ကြည့်ရှုသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရွှေညောင်မြို့ ဟဲကယ်ကျေးရွာရှိ ကိုစိုင်း K S T ဆန်စက်၊ ငွေကမ္ဘာ ဆန်သန့်စက်ရုံသို့ သွားရောက်ကြည့်ရှုရာ ဆန်စက်တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆန်စက်အတွင်း လှည့်လည် ကြည့်ရှုကြကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ငတောက်တက်နှင့် ကျားမသောက်မှသည် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးဆီသို့

မောင်အောင်

ဘယ်အငြိုးနှင့်မသိ စစ်တွေမိုးက မိုးမလင်းမီကတည်းက သဲကြီးမဲကြီးရွာနေသည်။ မိုးအေးအေးတွင် အိပ်ရာထဲကွေးပြီး စာလေးဖတ်နေရလျှင် ဘယ်လောက်များ ဇိမ်ရှိလိမ့်မလဲ ဘကြီးအောင် တွေးလိုက်မိသည်။ လက်တွေ့ဘဝတွင်ကား ကွေးနေ၍မဖြစ်၊ ဘကြီးအောင်တို့အဖွဲ့ကို နိုင်ငံတော်က အလွန့်အလွန် အားကောင်းသော မိုခါမုန်တိုင်းဒဏ်ကြောင့် အပျက်အစီး အထိအခိုက်များစွာ ခံစားခဲ့ရသည့် ရခိုင်ပြည်နယ်၊ အထူးသဖြင့် စစ်တွေမြို့နယ်တစ်ဝိုက် ပြန်လည်ထူထောင်ရေးနှင့် မူလထက်သာလွန်တိုးတက်ကောင်းမွန်ရေး ဆောင်ရွက်ရန်တာဝန်ပေးအပ်ထားသည်။ သည့်အတွက်ကြောင့် သည်အဖွဲ့တွေ မေလ ၁၄ ရက်က မိုခါမုန်တိုင်းတိုက်ခတ်ခဲ့ပြီးနောက် မေလ ၁၅ ရက်တွင်ပင် စစ်တွေမြို့သို့ နိုင်ငံတော်အကြီးအကဲနှင့်အတူ ရောက်ရှိခဲ့ကြသည်။

အဲဒီအချိန်က စစ်တွေမြို့ရှိ အဆောက်အအုံများ အားလုံးနီးပါး ခေါင်မိုးများလန်ကြသည်။ တစ်ဝက် တစ်ပျက်လန်သည်နှင့် အားလုံးလန်သည်သာ ကွာခြားသည်။ လေဆိပ်အဆောက်အအုံ၊ တာဝါ၊ ရိုးရိုးခရီးသည် နားနေဆောင်၊ အရေးကြီးပုဂ္ဂိုလ် နားနေဆောင်အပါအဝင် အားလုံးနီးပါး အမိုးလန်သည်။ မျက်နှာကြက်များ၊ ပန်းဆွဲများ ပြုတ်ကျပျက်စီးသည်။ မိုခါသည် မျက်နှာမလိုက်။ အားလုံးကို ဖျက်ဆီးခဲ့သည်။ အစိုးရဧည့်ရိပ်သာလည်း အမိုးလန်သည်။ အစိုးရရုံးများလည်း အမိုးလန်သည်။ ပျက်စီးသည်။ ဌာနဆိုင်ရာရုံးများ၊ အဆောက်အအုံများ အမိုးလန်ပျက်စီးကြသကဲ့သို့ သာသနိကအဆောက်အအုံများ၊ ဘုန်းကြီးကျောင်းများလည်းမကျန် အားလုံးအမိုးလန်သည်။ ပျက်စီးကြသည်။ ရှေးဟောင်းဘုန်းကြီးကျောင်းများ၊ ဦးရဲကျော်သူ ဘုန်းကြီးကျောင်း အပါအဝင် လောကာနန္ဒာဘုရားကြီးဝင်းအတွင်းရှိ သာသနာ့ဗိမာန်မကျန် အမိုးလန်သည်။ စစ်တွေ တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ အားကစားသိပ္ပံကျောင်းအပါအဝင် အဆောက်အအုံ တော်တော်များများ အမိုးလန်ပျက်စီးသကဲ့သို့ အထပ်မြင့်အဆောက်အအုံ မဟုတ်သည့် အုတ်ခြံစည်းရိုးများပင် ပြိုကျပျက်စီးစေသည်။ တော်ရုံတန်ရုံ ရန်သူဖျက်ဆီးဖို့မပြောနှင့် အနားပင်မကပ်နိုင်၊ မကပ်ရဲသည့် ရေတပ်ဌာနချုပ်အတွင်းမှ ရုံးများ၊ အိမ်ထောင်သည်လိုင်းများ၊ ခြံစည်းရိုးများလည်း ပြိုကျပျက်စီးစေသည်။



ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်အဖွဲ့ဝင်များ ဒေသခံများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကား ပြောကြားစဉ်။

## ရက်စက်ကောက်ကျစ်သည့်မိုခါ

ရက်စက်ကောက်ကျစ်သည့် မိုခါသည် စစ်တွေမြို့ ကျက်သရေဆောင် ပွိုင့်ရှိ နတ်ရုပ်မှ ပလွေကိုပင် ဖြုတ်ယူသကဲ့သို့ စစ်တွေသူ စစ်တွေသားများ အမှတ်တရ အမြတ်တနိုး နောက်ခံထား၍ ဓာတ်ပုံရိုက်ကြသည့် We Love Sittwe ဆိုသည့် စာတန်းမှ စာလုံးများကိုပင် ဖြုတ်ယူ၍ ပင်လယ်တွင်းသို့ လွှင့်ပစ်စေသည်။ မုန်တိုင်းဒဏ်ကြောင့် ရိုက်ခတ်လာသည့် လှိုင်းလုံးများကလည်း စစ်တွေကမ်းနားလမ်းကြီးအား တစ်ဝက်မရှိတရှိ ပြိုကျပျက်စီးစေသည်။ သည်အခြေအနေတွင် စစ်တွေမြို့သို့ ရောက်ရှိလာခဲ့သည့် နိုင်ငံတော်အကြီးအကဲသည် ပြည်သူတွေကို အားပေးသည်။ မူလရှိရင်း အခြေအနေထက် ပိုမိုကောင်းမွန်သည့် အနေအထားဖြစ်စေရန် ဆောင်ရွက်ပေးမည်ဟု အားမာန်အပြည့်ဖြင့် ပြောကြားခဲ့သည်။ ပြောကြားသည့်အတိုင်း စီမံဆောင်ရွက်ခဲ့သည်။

ဒုတိယဝန်ကြီးချုပ်ဦးစီးသည့် ဝန်ကြီးအဖွဲ့၊ ဒုတိယဝန်ကြီးများအဖွဲ့ဖြင့် စစ်တွေမြို့မှ အပျက်အစီးများကို ရှင်းလင်းစေသည်။ တစ်ဖက်မှာလည်း မြန်မာတစ်ပြည်လုံးရှိ စေတနာရှင်ပြည်သူများ လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများကို တပ်မတော်လေယာဉ်၊ ရေယာဉ်များဖြင့် စစ်တွေမြို့သို့ ပို့ဆောင်စေသည်။ ပြိုပျက်သွားသည့် အဆောက်အအုံများ ပြင်ဆင်နိုင်ရန်နှင့် ပြန်လည်တည်ဆောက်ရန်အတွက် သွပ်၊ သစ်၊ သံ အပါအဝင် ဆောက်လုပ်ရေးပစ္စည်းများ တင်ပို့စေသည်။

ပြိုကျပျက်စီးသွားသည့် သစ်ပင်နှင့် အဆောက်အအုံများ ရှင်းလင်းရန် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များကို စစ်တွေသို့ ပို့ဆောင်ပေးသည်။ တပ်မတော်အရာရှိကြီး ၁၇ ဦးအား မြို့ပြန်လည်တည်ဆောက်ရေးနှင့် မူလအနေအထားထက် ဖွံ့ဖြိုးတိုးတက်အောင် ညှိနှိုင်းဆောင်ရွက်ရန် တစ်မြို့နယ်လျှင် တစ်ဦးစီ စေလွှတ်တာဝန်ပေးသည်။

## မိုခါကို အန်တု စံပြုထိုက်သည့် ပြည်သူများ

သည်သို့အဘက်ဘက်မှ စီစဉ်ဆောင်ရွက်ပေးမှုကြောင့် မိုခါမုန်တိုင်းအပြီး ၃၈ ရက်အကြာ ၂၂-၆-၂၀၂၃ ရက်နေ့ စစ်တွေမြို့သို့ ဘကြီးအောင်တို့ရောက်သည့်အခါ လေဆိပ်တာဝါသည် ပြန်လည်ပြုပြင်ပြီး ဖြစ်နေရုံမက ခရီးသည်များ နားနေခန်းနှင့် အရေးကြီးပုဂ္ဂိုလ် နားနေခန်း အပါအဝင် အဆောက်အအုံ အတော်များများသည် မူလအခြေအနေအတိုင်း ပြန်လည်ရောက်ရှိရုံမက မူလထက်ပင် တောက်ပခံ့ညားနေသည်။ နိုင်ငံတော်အကြီးအကဲ ပြောကြားသကဲ့သို့ မူလအဆင့်သာမက မူလထက်ပင် ပိုမိုတောက်ပကောင်းမွန်အောင် ပြုလုပ်ထားသည်ကို မျက်ဝါးထင်ထင် မြင်တွေ့နေရသည့်အခါ ဘကြီးအောင်၏ နှုတ်ဖျားမှ **“မိုခါကို အန်တု စံပြု ထိုက်သည့် ပြည်သူများ”** ဟု ရေရွတ်မိပါသည်။ ယခုတော့ အဲဒီစံပြုထိုက်သည့် ပြည်သူများတွင် မိမိလည်း ပါဝင်တော့မည်ကို တွေး၍ ဘကြီးအောင် ကြည်နူးနေမိသည်။



ဘကြီးအောင်တို့အဖွဲ့တွေ ရောက်သည့်နေ့မှစ၍ စတင်လှုပ်ရှား ကိုယ်စီတာဝန်ဆောင်ရွက်ကြသည်။ ပြည်နယ်အစိုးရအဖွဲ့က နေရာချထားပေးသည့် အစိုးရဧည့်ရိပ်သာတွင် နေထိုင်ကြရသည်။ ဘကြီးအောင်တို့အဖွဲ့တွင် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန၊ သာသနာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပါဝင်သည်။ ဝန်ကြီးဌာနစုံသကဲ့သို့ စစ်တွေမြို့ ပြန်လည်တည်ဆောက်ရေးတွင် ဘက်ပေါင်းစုံမှ ကိုယ့်ဝန်ကြီးဌာနလုပ်ငန်းတွေ တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ သို့ဖြစ်၍လည်း ပြီးခဲ့သည့် ဇွန်လ ၁၀ ရက်နေ့ နိုင်ငံတော်အကြီးအကဲ စစ်တွေမြို့သို့ လာရောက်စစ်ဆေးသည့် ခရီးစဉ်တွင် စစ်တွေမြို့ကြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ တိုးတက်မှုရှိကြောင်း၊ နိုင်ငံတော်အကြီးအကဲက မှတ်ချက်ပြုခဲ့သည်။ သို့ဖြစ်၍လည်း ရခိုင်ပြည်နယ် အစိုးရအဖွဲ့နှင့် လက်ချင်းတွဲ၍ ဆောင်ရွက်နေကြသည့် ဘကြီးအောင်တို့အဖွဲ့ ကျေနပ်ကြည်နူးမိပါသည်။

“အဘ အောက်မှာ ဝန်ကြီးချုပ်ကြီး ရောက်နေပြီ သွားကြရအောင်တဲ့” ဘကြီးအောင်၏ တပည့် ဖုန်းဆက် လာမှ ဘကြီးအောင်တစ်ယောက် အတွေးရေယာဉ်ကြောတွင် နစ်မျောနေရာမှ အသိပြန်လည်ဝင်လာသည်။ ဒီလောက်မိုးတွေ အကြီးအကျယ်ရွာနေသည့်အထဲ ဝန်ကြီးချုပ်ကြီး ဘယ်များသွားဦးမှာလဲ။

ရိပ်သာမှထွက်တော့ ဘကြီးအောင်တို့အဖွဲ့နှင့် ဝန်ကြီးချုပ်ကြီး ကားတစ်စီးတည်း စီးလာသည်။ ၁၂ ယောက်စီးကားမို့ ဘကြီးအောင်တို့အဖွဲ့ ချောင်ချောင်ချိချိပင် စီးလာသည်။ ငတောက်တက်ကျေးရွာ ပြည်သူများထံ သွားရောက်တွေ့ဆုံပြီး ဒံပေါက်ဝေမည်သိရ၍ ကြည်နူးမိသည်။ မိုခါကြောင့် ပြည်သူတွေ စိတ်ညှိုးနွမ်းခဲ့ကြရသည်။ မိုခါမုန်တိုင်းအပြီးတွင် ပြည်သူတွေနှင့် တွေ့ဆုံအားပေးစကား ပြောရခြင်းသည် တကယ်ပင် စိတ်ကြည်နူးဝမ်းမြောက်စရာ။

## ငတောက်တက်ကျေးရွာ

ငတောက်တက်ကျေးရွာကား စစ်တွေမြို့မှ ၁၀ မိုင်ခန့်အကွာ စစ်တွေ - ပုဏ္ဏားကျွန်းသွား ကားလမ်း၏ အနောက်ဘက်တွင် တည်ရှိသည့် အိမ်ခြေ ၁၀၀ ကျော်ခန့်ရှိသည့် ရွာကြီးတစ်ရွာ ဖြစ်သည်။ ဝန်ကြီးချုပ်နှင့်ဘကြီးအောင်တို့အဖွဲ့ ရွာမူလတန်းကျောင်းရှေ့သို့ရောက်သည့်အခါ စောစောကတည်းက သဲကြီးမဲကြီးရွာနေသည့် မိုးကမစဲဘဲ ပို၍ သဲသဲမဲမဲပင် ရွာလျက်ရှိနေသည်။ ဌာနဆိုင်ရာအချို့ ထီးဖြင့် ထွက်၍ ကြိုသဖြင့် ဝန်ကြီးချုပ်နှင့်အဖွဲ့ ကျောင်းစာသင်ခန်းအတွင်း နေရာယူလိုက်ကြသည်။ ခန်းမရှေ့တွင် ဗီနိုင်းဆိုင်းဘုတ် အဝါကြီးဖြင့် “ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် MLCA အသင်းချုပ်၊ MLCA အသင်း(ရခိုင်ပြည်နယ်)၊ မြန်မာ၊ တရုတ်ဗုဒ္ဓဘာသာနှင့် ယဉ်ကျေးမှုနီးနှောဖလှယ်ရေးအဖွဲ့၊ မြန်မာ-အိန္ဒိယ-တရုတ် ချစ်ကြည်ရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (MICA) MLCP အများပိုင် ကုမ္ပဏီလီမိတက်တို့မှ ဒံပေါက်များ လှူဒါန်းခြင်း” ဟု ရေးသားထားသည့် ဆိုင်းဘုတ်ကြီးကလည်း ခံ့ညားလှသည်။ ဆိုင်းဘုတ်ကြီးအောက်ရှိ ဒံပေါက်ထုပ်များမှ ဒံပေါက်နံ့ကလည်း သင်းပျံ့နေသည်။

“အားလုံးပဲ မင်္ဂလာပါ ခင်ဗျား။ အခုလို ငတောက်တက်ရွာက ကျွန်တော်တို့ ဆွေမျိုးသားချင်း ညီအစ်ကိုမောင်နှမတစ်တွေကို ရွှင်ရွှင်လန်းလန်း ကျန်းကျန်းမာမာ တွေ့ရှိရတဲ့အတွက် အထူးပင်ဝမ်းသာ ကြည်နူးမိပါတယ်။ ကျွန်တော်တို့တစ်တွေ မိုခါမုန်တိုင်းဒဏ်ကို ကြံ့ကြံ့ခံပြီး တွန်းလှန်နိုင်ခဲ့ကြပါပြီ။ ကျွန်တော်တို့ အပြောမဟုတ်၊ အလုပ်နဲ့သက်သေပြပြီး စစ်တွေမြို့ကြီးကို ပြန်လည်ထူထောင်ခဲ့ကြပါတယ်။ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်နှင့် စီစဉ်ဆောင်ရွက်ပေးမှုကြောင့် အခုလို ဝန်ကြီးဌာနအသီးသီးက ဒုတိယဝန်ကြီးများ၊ ကျွန်တော်တို့ ပြည်နယ်ကိုလာပြီး အကူအညီပေးလို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ပြန်လည်ကောင်းမွန်လာပါပြီ။ သာသနိကအဆောက်အအုံတွေ၊ တယ်လီဖုန်းလိုင်းတွေ၊ လျှပ်စစ်မီးတွေ၊ စာသင်ကျောင်းတွေ၊ လမ်းတံတားတွေ ပြန်လည်ကောင်းမွန်လာတာ ဒီဝန်ကြီးဌာနက အခုဒီမှာရှိနေကြတဲ့ ပြည်ထောင်စုဒုတိယဝန်ကြီးများရဲ့ ပူးပေါင်းဆောင်ရွက်မှုပါ။ ဒီနေ့လည်း ဒီရွာက ဆွေမျိုးသားချင်းတွေအတွက် စေတနာရှင် လူမှုရေးအဖွဲ့တွေက လှူဒါန်းတဲ့ ဒံပေါက်ထမင်းတွေလာပြီး လှူဒါန်းတာပါ။ အခုလို ကိုယ့်ဆွေမျိုးတွေကို လာပြီး ကျွေးခွင့်ရတဲ့အတွက် ဝမ်းသာကြည်နူးပါကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ ပြီးတော့ စိုက်ပျိုးရေးနှင့် ပတ်သက်ပြီး ဒီက ဒုတိယဝန်ကြီးက နည်းနည်းပြောပါမယ်” ဝန်ကြီးချုပ်၏ စကားအဆုံးတွင် တက်ရောက်လာကြသည့် ရွာသူ ရွာသားများက ဝမ်းသာအားရ လက်ခုပ်တီး၍ အားပေးလိုက်ကြသည်။ ဝန်ကြီးချုပ်၏ မိတ်ဆက်ပေးမှုကြောင့် ဘကြီးအောင်နေရာမှ ထလိုက်သည်။

“သာလီစွပါ”

*စာမျက်နှာ ၁၁ သို့*

# မြိတ်မြို့၌ အပြည်ပြည်ဆိုင်ရာဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့(အကြို) မိုးရာသီဒီရေတော သစ်ပင်များ စုပေါင်းစိုက်ပျိုး

မြိတ် ဇူလိုင် ၂၂

၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် (အကြို) မိုးရာသီ ဒီရေတောသစ်ပင်စုပေါင်းစိုက်ပျိုးပွဲအခမ်းအနားကို ဇူလိုင် ၂၁ ရက်က မြိတ်မြို့နယ် မြိတ်တောင်ကျေးရွာအုပ်စု တနင်္သာရီမြစ်ဝအနီး၌ ကျင်းပသည်။



ဒီရေတော သစ်ပင်စိုက်ပျိုးပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက မြူးအုပ်ဆောင်းပင် ၁၀၅၀၊ မြူးခြေထောက်ပင် ၂၅၀၊ လမု ၈၅ ပင်နှင့် သမဲ့ ၆၅ ပင် စုစုပေါင်း ဒီရေတောသစ်ပင် ၁၄၅၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက မိုးရာသီဒီရေတောသစ်ပင်စုပေါင်းစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**မြင့်ဦး (မြိတ်)**

# နမ္မတူမြို့နယ်ရှိ ပြည်သူ ၈၂၁ ဦးတို့၏ ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူပြီးစီး

နမ္မတူ ဇူလိုင် ၂၂

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ္မတူမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နမ္မတူမြို့နယ် ဦးစီးမှူးရုံးမှ နိုင်ငံသားတစ်ဦးချင်းစီ၏ ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူခြင်းလုပ်ငန်း



ကို ဇူလိုင် ၃ ရက်မှစတင် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၂ ရက်အထိ ဌာနဆိုင်ရာဝန်ထမ်းများ၊ မိသားစုဝင်များနှင့် စက်ရုံအလုပ်ရုံများရှိပြည်သူ စုစုပေါင်း ၈၂၁ ဦးတို့အား ဇီဝဆိုင်ရာ အချက်အလက်များ ကောက်ယူ၍ Unique ID နံပါတ် စာရွက်များ ထုတ်ပေးပြီးဖြစ်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နမ္မတူမြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးမောင်းမာန်နှင့် ဝန်ထမ်းများက ဇူလိုင်၂၁ရက်တွင် သ.တ.လ (၇)ရပ်ကွက်ရှိ မြန်မာ့အထွေထွေအထိပ် သတ္တုတွင်းလုပ်ငန်းသို့ ကွင်းဆင်း၍ ပြည်သူ ၁၀၀ အား ဇီဝဆိုင်ရာ အချက်အလက်များ ကောက်ယူ၍ ဂဏန်း ၁၀ လုံးပါသည့် Unique ID နံပါတ်များ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**လူမော် (ပြန်/ဆက်)**

# ဇဖဲမြို့နယ်ရှိ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူ ၁၉၀၀ ကျော်၏ ဇီဝဆိုင်ရာအချက်အလက်များကောက်ယူပြီးစီး

ဇဖဲ ဇူလိုင် ၂၂

မကွေးတိုင်းဒေသကြီး ဇဖဲမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရုံးမှ မြို့နယ်ဦးစီးမှူး ဦးပွားမောင်နှင့် ဝန်ထမ်းများက ဇီဝဆိုင်ရာအချက်အလက်များကောက်ယူခြင်းကို ဇွန် ၂၂ ရက်က စတင်၍ ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၂၂ ရက်အထိ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်း များနှင့် ကျောင်းသားကျောင်းသူ ၁၉၄၇ ဦးတို့၏ အချက်အလက်များ ကောက်ယူပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာရုံးများမှ နိုင်ငံ့ဝန်ထမ်းများနှင့် မိသားစုဝင်ဦးရေ ၇၅၀ နှင့် အခြေခံပညာကျောင်းများမှ အသက် ၁၀ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူ ၁၁၉၇ ဦး စုစုပေါင်း ၁၉၄၇ ဦး၏ ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်းကို သတ်မှတ်စုရပ်နေရာများတွင် ဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံသားတစ်ဦးချင်းစီ ကိုယ်ရေးအချက်အလက်နှင့် ဇီဝအချက်အလက်များကို Database တွင် သိမ်းဆည်းကာ ဂဏန်း ၁၀ လုံး ပါဝင်သည့် Unique ID နံပါတ်ပါကတ်ပြားများကို နေ့ချင်းပြီးထုတ်ပေးခဲ့ကြောင်းနှင့် ကောက်ယူရန်ကျန်ရှိသူများအား ဆက်လက်ကောက်ယူလျက်ရှိကြောင်း သိရသည်။

**မယု(ဇဖဲ)**



# ထားဝယ်ခရိုင်အတွင်းရှိ လူဦးရေ ၃၆၀၀ ကျော်၏ ဇီဝဆိုင်ရာ အချက်အလက်များ ကောက်ယူပြီးစီး

ထားဝယ် ဇူလိုင် ၂၂

တနင်္သာရီတိုင်းဒေသကြီး ခရိုင်နှင့် မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနများမှ နိုင်ငံ့ဝန်ထမ်းနှင့် မိသားစုဝင်များ၏ ကိုယ်ရေးအချက်အလက်များနှင့် ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူလျက်ရှိရာ လူဦးရေ ၃၆၁၁ ဦး၏ အချက်အလက်များ ကောက်ယူပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အချက်အလက်များ ကောက်ယူရာတွင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီး ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးသန့်ဇင်ကကြီးမှူး၍ ထားဝယ်ခရိုင်အတွင်းရှိ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များအား ဇွန် ၂၇ ရက်မှ ဇူလိုင် ၂၁ ရက်အထိ အချက်အလက်များ ကောက်ယူခဲ့ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**

*စာမျက်နှာ ၁၀ မှ*

"ပေး" ဘကြီးအောင်က ရခိုင်ဘာသာစကားဖြင့် မင်္ဂလာပါဟု နှုတ်ဆက်လိုက်သဖြင့် ငတောက်တက်ရွာသားများ လက်ခုပ်တီး၍ အားပေးလိုက်ကြသည်။

"ကျွန်တော်ကတော့ ဝန်ကြီးချုပ်ကြီး မိတ်ဆက်ပေးတဲ့အတိုင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဒုတိယဝန်ကြီးပါ။ ဝန်ကြီးချုပ်ကြီး ပြောတဲ့အတိုင်း ကျွန်တော်တို့ အမျိုးတွေ အလွန့်အလွန်အားကောင်းတဲ့ မိုခါမုန်တိုင်းရဲ့ ဖျက်ဆီးမှုဒဏ်ကို ကျော်လွှန်နိုင်ခဲ့ကြပါပြီ။ အဲဒီတော့ ကျွန်တော်တို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ လုပ်ကြရပါမယ်။ နေရေးအဆင်ပြေတဲ့အခါမှာ စားရေးကို ဆောင်ရွက်ဖို့လိုပါမယ်။ လူတိုင်းမှာ ဗိုက်ပါတယ်။ မိုးလင်းရင် ဗိုက်ဆာတယ်။ ဗိုက်ဆာတော့ ထမင်းစားရမယ်၊ ထမင်းစားဖို့ စပါးစိုက်ရမယ်။ အဲဒီတော့ ခင်ဗျားတို့ မိုးရွာရင် ဘာလုပ်မလဲ" ဘကြီးအောင်က မေးလိုက်သည်။ ဖြုန်းခနဲ မဖြေကြ။ ဘကြီးအောင်က ဆက်၍ "ဟို သီချင်းထဲမှာပါတယ်လေဗျာ၊ မိုးရွာရင် မိုးရေချိုးမယ်" ရွာသူရွာသားများက ဝိုင်းအော်ကြသည်။ "ဟုတ်ပါတယ် အဲဒီမိုးရွာရင် မိုးရေချိုးမယ်၊ မေမေလာရင် နို့စို့မယ်၊ ဖေဖေလာရင် အုန်းသီးခွဲစားမယ်ဆိုတာက ကိုင်ဇာသီချင်းပါ။ အခု ကျွန်တော် ပြောချင်တာက မိုးရွာရင် ထွန်တုံးပြင်ပြီး လယ်ကွင်းထဲဆင်းပြီး စပါးစိုက်ဖို့ ပြင်ရမယ်လို့ ပြောချင်တာပါ။" "ဟုတ်ပါတယ် ဟုတ်ပါတယ်" ရွာသားများက ထောက်ခံကြသည်။ "အဲဒီတော့ မိုးရွာပြီဆိုမှတော့ လယ်ထဲဆင်းပြီး ထယ်ထိုးရမယ်၊ ထွန်မွှေရမယ်၊ ပြီးတော့ မျိုးစပါးကို ပျိုးထားပြီး စိုက်ဖို့ပြင်ဆင်ရမယ်။ ဒီနေရာမှာ ကျွန်တော်တို့ ညီအစ်ကို မောင်နှမတွေကို ပြောချင်တာက နိုင်ငံတော်အကြီးအကဲက စေတနာနဲ့ စပါးအထွက်တိုးမျိုးတွေကို ကျွန်တော်တို့ ရခိုင်ပြည်နယ်ကို ပို့ပေးထားပါတယ်။ အဲ ဒါပေမယ့် မျိုးဘယ်လောက်ကောင်းကောင်း ညက်ညက်မထွန်ဘူး၊ စိပ်စိပ်မစိုက်ဘူး၊ သင့်တင့်တဲ့ သွင်းအားစု မြေဩဇာမကျွေးဘူး၊ ရေကိုလိုသလောက်သာပေးပြီး ရေသွင်းရေထုတ် ဂရုမစိုက်ဘူး ဆိုရင် ဘယ်လောက်ပဲ မျိုးကောင်းကောင်း အထွက်ကောင်းမှာ မဟုတ်ပါဘူး" "ဒါ့အပြင် စိုက်ပျိုးရေးက ဘယ်လောက်ပဲ အသက်နုတဲ့စပါးဖြစ်ဖြစ် ရက် ၉၀၊ ၁၀၀ တော့ အချိန်ယူရပါတယ်။ စပါးမပေါ်ခင်မှာ နေ့စဉ်စားဖို့ သောက်ဖို့ တစ်ပိုင်တစ်နိုင် ကြက်၊ ဝက်၊ ဘဲ၊ နွား မွေးမြူထားဖို့ လိုပါတယ်။ ကြက်မွေးရင် ကြက်ဥစားရမယ်၊ ဘဲမွေးရင် ဘဲဥ စားရပါမယ်။ ဝက်ကတော့ စုဘူးပါ။ နွားကလည်း မွေးထားရင် တစ်နှစ် တစ်သားတော့ရပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ အမျိုးတွေ တောင်သူတွေ ဝင်ငွေတိုးတက်ဖို့ စိုက်ပျိုးရေးနှင့် မွေးမြူရေး တွဲဖက်လုပ်ကြဖို့ ပြောကြားချင်ပါတယ်။ လိုအပ်တာတွေကို ကျွန်တော့် စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကူညီဆောင်ရွက်ပေးပါ့မယ်လို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်" ဘကြီးအောင် စကားအဆုံးတွင် ရွာသူရွာသားများ လက်ခုပ်တီး၍ အားပေးကြသည်။ ပြီးတော့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက စစ်တွေမြို့နယ် တစ်နယ်လုံးတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းပေါင်း ၃၃၁၅ ကျောင်းရှိသည့်အနက် လုံးဝပြိုကျပျက်စီးသည့်ကျောင်း ၃၉၃ ကျောင်းရှိခဲ့ကြောင်း၊ မူလကတည်းက လုံခြုံရေးအခြေအနေကြောင့် မဖွင့်နိုင်သည့် ကျောင်း ၁၂၁ ကျောင်းရှိခဲ့ကြောင်း၊ ၎င်းကျောင်းများအနက် ၁၅၃၈ ကျောင်းမှာ အမိုးလန်ပျက်စီးခဲ့သော်လည်း ဇွန်လ ၁ ရက်နေ့ ၁၀၈၅ ကျောင်း အမိုး မိုးပြီးသွားပြီ၊ ယခုအခါ ကျောင်း ၃၁၉၄ ကျောင်း ဖွင့်လှစ်ပြီး ကျောင်းသူ ကျောင်းသားကလေးများ အေးချမ်းစွာ ပညာသင်ကြားလျက်ရှိကြောင်း၊ နိုင်ငံတော်အကြီးအကဲက အနာဂတ်ခေါင်းဆောင်များ ဖြစ်လာကြမည့် လူငယ်များကို ပညာတတ်စေလိုကြောင်း တွန်းအားပေးသဖြင့် မိမိတို့ကျောင်းများ အားလုံး ဖွင့်လှစ်နိုင်အောင် ကြိုးပမ်းအားထုတ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပါသည်။

### ပွင့်လင်းသည့် ဝမ်းသာပြုံး

၎င်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့က ရွာသူရွာသားများအား ဒံပေါက်ထုပ်များနှင့် စားစရာများ လွှဲပြောင်းပေးအပ်ရာ ရွာသူရွာသားများ၏ ပွင့်လင်းသည့် ဝမ်းသာပြုံးက ကြည်နူးဖွယ်ရာ မြင်ကွင်းပင်။

ငတောက်တက်မှ အပြန်တွင် ကျားမသောက် အလယ်တန်းကျောင်းသို့ ဝင်ဖြစ်သည်။ ကျားမသောက်ရွာသူရွာသားများ ကျောင်းဆရာမများက ရင်းနှီးစွာ ကြိုဆိုကြသည်။ စစ်တွေမိုးက မစဲတမ်းရွာချနေသော်လည်း ဝန်ကြီးချုပ်ဦးဆောင်သည့် ဒုဝန်ကြီးအဖွဲ့က မိုးဘယ်လောက်ရွာပါစေ ကိုယ့်ရွာသူရွာသားနှင့် တွေ့ဆုံ၍ ဒံပေါက်ထုပ်နှင့် စားစရာများ ပေးဝေရသဖြင့် ဝမ်းသာကြည်နူးမှု ဖြစ်ရသည်။

ငတောက်တက်နှင့် ကျားမသောက်ရွာမှ အပြန်ခရီးတွင် ဝန်ကြီးချုပ်အပါအဝင် ဒုတိယဝန်ကြီးများ၏ မျက်နှာတွင် အပြုံးပန်းဆင်ကြသည့်နည်းတူ ရင်တွင်း၌လည်း ကျေနပ်နှစ်သိမ့်မှု ဖြစ်ကြရသည်။ ဘကြီးအောင် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လာရောက်ဆောင်ရွက်နေသည်မှာ ရက် ၂၀ ကျော်ပါပြီ။ တစ်နေကုန် မိုးထဲရေထဲသွားကြသည်၊ လာကြသည်။ လယ်ကွက်ထဲဆင်း၍ ထွန်တာယက်တာ အကူအညီပေးသလို၊ သာသနိက အဆောက်အအုံများ ပြင်ဆင်၍ ဆရာတော် သံဃာတော်များ ဖူးတွေ့၍ လှူဒါန်းရသည်။ အလားတူ ကမ်းနားဆိပ်တွင် သစ်၊ သွပ် အပါအဝင် တည်ဆောက်ရေးပစ္စည်းများ တင်ချနေကြသည့် စွမ်းအားရှင်များ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲဘော်ကလေးများအား အားပေးကြသည်။ တစ်နေ့တစ်မျိုး မရိုးနိုင်သည့် သည်လုပ်ငန်းများကား နိုင်ငံတော်အကြီးအကဲ ပြောကြားခဲ့သလို စစ်တွေမြို့ကြီး မူလထက် သာလွန်တိုးတက်လာမည်မှာ မလွဲကေန်ဖြစ်ရမည်ဟု ယုံကြည်မိပါသည်။

**"ငတောက်တက်၊ ကျားမသောက်မှသည် ရခိုင်ပြည်နယ် သာယာဝဖြိုး ဖွံ့ဖြိုးတိုးတက်မည် ဟူသော ယုံကြည်ချက်ဖြင့်" ...။ ။**

# ၂၀၂၃ ခုနှစ် ဇူလိုင်လ (တတိယ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှ အားကောင်းနိုင်ပါသည်။

**မိုးရွာသွန်းမှုအခြေအနေ**

တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၁ ဒီဂရီဖာရင်ဟိုက်မှ ၉၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)တို့တွင် ၉၁ ဒီဂရီဖာရင်ဟိုက်မှ ၁၀၀ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်ပါသည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၅၅ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၆၃ ဒီဂရီဖာရင်ဟိုက်မှ ၇၄ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်းနှင့်တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၅ ဒီဂရီဖာရင်ဟိုက်မှ ၈၄ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်ပါသည်။

**လေထုစိုထိုင်းဆအခြေအနေ**

မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ၆၅ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်းအတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ၇၆ ရာခိုင်နှုန်းမှ ၈၆ ရာခိုင်နှုန်းအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၇ ရာခိုင်နှုန်းမှ ၉၇ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်ပါသည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၂၂ မီလီမီတာမှ ၃၃ မီလီမီတာအတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် မြောက်ပိုင်း)တို့တွင် ၃၄ မီလီမီတာမှ ၄၄ မီလီမီတာအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ၄၅ မီလီမီတာမှ ၅၅ မီလီမီတာအတွင်း အသီးသီးရှိနိုင်ပါသည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ပြည့်ဝ) အခြေအနေ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် (ခြောက်သွေ့)အခြေအနေ အသီးသီးရှိနိုင်ပါသည်။

**မိုး/ဇလ**

## SIM Card များ စနစ်တကျ မှန်ကန်စွာမှတ်ပုံတင်သုံးစွဲနိုင်ရေး အသိပေးကြေညာချက်

၁။ ဆင်းကတ်များမှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်/နိုင်ငံသားစိစစ်ရေးကတ်အမှတ် စသည့် အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database တွင်ရှိသော အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်လျက်ရှိပါသည်။

၂။ တိုက်ဆိုင်စစ်ဆေးပြီး အချက်အလက်မမှန်သော နိုင်ငံသားစိစစ်ရေးကတ်များဖြင့် မှတ်ပုံတင်ထားသော ဆင်းကတ်သုံးစွဲသူများထံ ရက်ပေါင်း(၃၀)အတွင်း မှန်ကန်စွာ ပြန်လည်မှတ်ပုံတင်ရန် အသိပေးစာတို(SMS)များ ပေးပို့သွားမည်ဖြစ်ပါသည်။ အသိပေးစာတို(SMS)များ ရရှိပြီး ရက်ပေါင်း (၃၀) အတွင်း နိုင်ငံသားစိစစ်ရေးကတ်အမှန်ဖြင့် ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်းမရှိသော ဆင်းကတ်များအား One Way Block (အထွက်ခေါ်ဆိုမှု၊ အထွက်စာတိုပေးပို့မှုနှင့် ဒေတာအသုံးပြုမှုရပ်ဆိုင်းခြင်း) ဆောင်ရွက်မည်ဖြစ်ပြီး ထိုသို့ One Way Block ဆောင်ရွက်ထားသည့်အချိန်မှစ၍ ရက်ပေါင်း (၉၀) အတွင်း နိုင်ငံသားစိစစ်ရေးကတ် အချက်အလက်အမှန်ဖြင့် လာရောက်ပြင်ဆင်မှတ်ပုံတင်ခြင်းမရှိသော ဆင်းကတ်များအား အပြီးပိတ်သိမ်းသွားမည်ဖြစ်ပါသည်။

၃။ ထို့ကြောင့် ဆင်းကတ်သုံးစွဲသူပြည်သူများအနေဖြင့် မိမိတို့အသုံးပြုနေသော ဆင်းကတ်များ ပိတ်သိမ်းခံရမှုမရှိစေရေးအတွက် ပြန်လည်မှတ်ပုံတင်နိုင်ရန် အသိပေးစာတို (SMS) ရရှိပါက သက်ဆိုင်ရာမိုဘိုင်းအော်ပရေတာများ၏ အရောင်းဆိုင်များ၊ Application များနှင့် Website တို့တွင် နိုင်ငံသားစိစစ်ရေးကတ်အချက်အလက်အမှန်ဖြင့် အမြန်ပြန်လည်မှတ်ပုံတင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

## မြိတ်ခရိုင်မှ မိုးစပါး စံပြကွက်များအတွက် မျိုးစပါး၊ ကွန်ပေါင်းဓာတ်မြေဩဇာနှင့် ကော်ဖီ၊ ကိုကိုး စိုက်ပျိုးမည့်သူများအတွက် ပျိုးပင်များ ထောက်ပံ့ပေးအပ်

မြိတ် ဇူလိုင် ၂၂

**တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်းရှိ မြို့နယ်များမှ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာများရှိ မိုးစပါးစံပြကွက်စိုက်ခင်းများအတွက် မျိုးစပါး၊ ကွန်ပေါင်းဓာတ်မြေဩဇာများနှင့် ကော်ဖီ၊ ကိုကိုး စိုက်ပျိုးမည့်သူများအတွက် ပျိုးပင်များ ထောက်ပံ့ပေးအပ်ပွဲကို ဇူလိုင် ၂၁ ရက်က မြိတ်မြို့ ပုလဲရတနာခန်းမ၌ ကျင်းပသည်။**



တိုင်းဒေသကြီးဝန်ကြီးချုပ်က တောင်သူတစ်ဦးအား ကွန်ပေါင်းဓာတ်မြေဩဇာအိတ် ပေးအပ်စဉ်။

ထောက်ပံ့ပေးအပ်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက တနင်္သာရီတိုင်းဒေသကြီး၏ ဒေသဝမ်းစာဖူလုံမှုသည် ၇၃ ဒသမ ၁၃ ရာခိုင်နှုန်းသာရှိသည့်အတွက် ခရိုင်၊ မြို့နယ်အလိုက် ဒေသဝမ်းစာဖူလုံမှုရာခိုင်နှုန်းတိုးတက်ရရှိမှသာလျှင် တိုင်းဒေသကြီးတစ်ခုလုံး၏ ဒေသဝမ်းစာဖူလုံမှု တိုးတက်လာမည်ဖြစ်၍ တစ်ဧက အထွက်နှုန်းတိုးတက်ရန် အလေးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရေမြေဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်မျိုးစေ့များ၊ အရည်အသွေးပြည့်မီသည့် သွင်းအားစုများနှင့် စိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးဆောင်ရွက်နိုင်မှသာ အထွက်ကောင်းသည့်ရလဒ်များ ရရှိနိုင်မည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့်လည်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှ တွန်းအားပေးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးသည် နှစ်ရှည်သီးနှံများ စိုက်ပျိုးအောင်မြင်သည့် တိုင်းဒေသကြီးဖြစ်၍ ဈေးကွက်ဝင်အမယ်သစ်သီးနှံများဖြစ်သည့် မြေနိမ့်ကော်ဖီနှင့် ကိုကိုးတိုးချဲ့စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသန်းထိုက်က ဘက်စုံအဆင့်မြင့် နည်းပညာသုံး စံပြကျေးရွာများရှိ မိုးစပါးစံပြကွက်စိုက်ခင်းများအတွက် မျိုးစပါး၊ ကွန်ပေါင်းဓာတ်မြေဩဇာများနှင့် ကော်ဖီ၊ ကိုကိုး စိုက်ပျိုးမည့်တောင်သူများအတွက် ပျိုးပင်များ ထောက်ပံ့ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက မြိတ်ခရိုင်အတွင်းရှိမိုးစပါးစံပြကွက်များအတွက် အကျိုးဆောင်တောင်သူများအား မျိုးစပါးအိတ် ၁၂၀၀၊ ကွန်ပေါင်းဓာတ်မြေဩဇာအိတ် ၆၀၀ နှင့် ကော်ဖီ၊ ကိုကိုးစိုက်ပျိုးမည့်ပုဂ္ဂလိကခြံရှင်များအား ကော်ဖီပင် ၃၀၄၀၀၊ ကိုကိုးအပင် ၂၀၀၀ တို့ကို ထောက်ပံ့ပေးအပ်သည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း ၂၀၂၂-၂၀၂၃ ခုနှစ်တွင် မိုးစပါး ၂၂၃၇၄၇ ဧက၊ နွေစပါး ၇၉၈၉ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အထွက်နှုန်းအနေဖြင့် ၁၆၆၃၀၉၆၇ တင်း ထွက်ရှိခဲ့ကာ ဒေသဝမ်းစာဖူလုံမှုအနေဖြင့် ၇၃ ဒသမ ၁၇ ရာခိုင်နှုန်းရရှိခဲ့၍ ယခင်နှစ်ထက် ၁ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ရရှိခဲ့ပြီးဖြစ်ကြောင်း၊ ယခုနှစ် မိုးစပါးရာသီတွင် မိုးစပါးစိုက်ပျိုးရန် ၂၂၃၇၄၇ ဧက လျာထားခဲ့ပြီး ယခုအထိ ၉၂၉၈၂ ဧက စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

## အုတ်တွင်းမြို့နယ်၌ မိုးစပါးစိုက်ကေများ ပန်းတိုင်အထွက်ရရှိစေရေးဆွေးနွေး

အုတ်တွင်း ဇူလိုင် ၂၂

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ မိုးစပါးစိုက်ပျိုးကေများ ပန်းတိုင်အထွက်ရရှိစေရေးတွေ့ဆုံဆွေးနွေးပွဲကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ဇူလိုင် ၂၁ ရက်က ပြုလုပ်ရာ မြို့နယ်စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနှင့် တာဝန်ရှိသူများက ဆွေးနွေးအကြံပြုခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးညီညီက မိုးစပါးစိုက်ပျိုးကေ ပန်းတိုင်အထွက်ရရှိစေရေး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ထောက်ပံ့ငွေများ အပြည့်အဝပြန်လည်ကောက်ခံရရှိရေး၊ သီးထပ်ဆောင်းသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ နွေစပါးတိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် စိုက်ပျိုးရေရရှိရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

အုတ်တွင်းမြို့နယ်၌ မိုးစပါးစိုက်ပျိုးကေ ၈၉၁၀၀ တွင် ပန်းတိုင်အထွက်ရရှိစေရေး သက်ဆိုင်ရာတာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ဆန်းဦးထံမှ သိရသည်။

**အေမင်းရည်စော(ပြန်/ဆက်)**

# အိန္ဒိယနိုင်ငံ အနောက်ပိုင်း၌ မြေပြိုမှုကြောင့် သေဆုံးသူ ၂၂ ဦး အထိရှိလာ၊ လူပေါင်း ၁၀၀ နီးပါး ပျောက်ဆုံးခဲ့

**နယူးဒေလီ ဇူလိုင် ၂၂**

အိန္ဒိယနိုင်ငံအနောက်ပိုင်း ပြည်နယ်ဖြစ်သည့် မဟာရက်ရှ်ထရာရှိ ကျေးရွာတစ်ရွာ၌ မြေပြိုမှုကြောင့် သေဆုံးသူဦးရေမှာ ၂၂ ဦးအထိ ရှိလာပြီဖြစ်သည်။ ဇူလိုင် ၂၁ ရက်က အပျက်အစီးများအောက်တွင် လူသေလောင်း ခြောက်လောင်း ထပ်မံတွေ့ရှိပြီးနောက် သေဆုံးသူဦးရေ တိုးလာခြင်းဖြစ်သည်။

ဇူလိုင် ၂၁ ရက် ညနေ ၆ နာရီခွဲတွင် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ရပ်တန့်လိုက်သည်။ သဘာဝဘေးတုံ့ပြန်ရေးအဖွဲ့မှ အဖွဲ့လေးဖွဲ့သည် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ပူးတွဲလုပ်ဆောင်ခဲ့ကြသည်။ အပျက်အစီးများအောက် ရောက်နေသူများကို ကယ်တင်ရန် ရွာသားများက မြေတူးရာတွင် အကူအညီပေးခဲ့ကြသည်။ အာရှယ်ဝါဒီကျေးရွာတွင် သဘာဝဘေးကြောင့် လူပေါင်း ၁၀၀ နီးပါး ပျောက်ဆုံးခဲ့သည်။

မိုးအဆက်မပြတ် ရွာသွန်းခြင်းနှင့် ရာသီဥတုဆိုးရွားခြင်းတို့ကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် အနှောင့်အယှက်အဟန့်အတားများ ဖြစ်ပေါ်ခဲ့ရသည်။ ရာသီဥတုဆိုးရွားသည့်အတွက် မြေပြိုသည့်နေရာများတွင် စက်ယန္တရားကြီးများကိုလည်း အသုံးပြုမရဘဲ ဖြစ်နေခဲ့သည်။ မြေပြိုမှုဖြစ်ပွားသည့် ဇူလိုင် ၁၉ ရက် ညပိုင်းက ကျေးရွာအတွင်း လူပေါင်း ၂၁၀ ဝန်းကျင်ရှိပြီး ၇၀ ဝန်းကျင်ကို ဒဏ်ရာမရဘဲ ကယ်တင်နိုင်ခဲ့သည်။ ၂၁ ဦးကို အသက်ရှင်လျက် ကယ်တင်နိုင်ခဲ့သည်။

**ဆင်ဟွာ**





# ပေါ်တူဂီ၌ ၂၀၂၂ ခုနှစ်အတွင်း မီးလောင်မှု ၁၀၄၃၉ ကြိမ်ဖြစ်ပွား

**လစ္စဘွန်း ဇူလိုင် ၂၂**

ပေါ်တူဂီနိုင်ငံသည် ၂၀၂၂ ခုနှစ်အတွင်း မီးလောင်မှု ၁၀၄၃၉ ကြိမ် ဖြစ်ပွားခဲ့ပြီး ၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်ကြည့်ပါက ၂၆ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်လာကြောင်း အမျိုးသား စာရင်းအင်းအဖွဲ့က ဇူလိုင် ၂၁ ရက်တွင် ပြောကြားသည်။

၂၀၂၂ ခုနှစ်သည် ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း မီးလောင်မှုမှာ စတုတ္ထမြောက် အပြင်းထန်ဆုံးနှစ်ဖြစ်ပြီး လွန်ခဲ့သည့်ငါးနှစ်က လောင်ကျွမ်းသည့် ပျမ်းမျှဧရိယာ ဟက်တာ ၅၈၈၀၀ ၏ နှစ်ဆရှိကြောင်း စာရင်းအင်း အေဂျင်စီက ကြေညာထားသည်။

လက်ရှိတွင် ပေါ်တူဂီနိုင်ငံ၌ မြို့ ၂၅ မြို့မှာ ကျေးလက်မီးဘေး အန္တရာယ် အများဆုံးဖြစ်ပြီး အခြားမြို့ ၆၀ မှာ အန္တရာယ် အလွန် အမြင့်ဆုံးဖြစ်ကြောင်း ပေါ်တူဂီပင်လယ်နှင့် လေထုဆိုင်ရာအဖွဲ့ (အိုင်ပီအမ်အေ) က ထုတ်ပြန်ထားသည်။

**ဆင်ဟွာ**

# ၂၀၂၃ ခုနှစ် အက်ဖ်အိုင်ဘီအေကမ္ဘာ့ဖလားပြိုင်ပွဲကို ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပရန် အင်ဒိုနီးရှားအသင့်ဖြစ်

**ဂျကာတာ ဇူလိုင် ၂၂**

လာမည့်လအတွင်း ကျင်းပမည့် အက်ဖ်အိုင်ဘီအေ ကမ္ဘာ့ဖလား ဘတ်စကက်ဘောပြိုင်ပွဲကို ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပရန် အင်ဒိုနီးရှားနိုင်ငံက အဆင်သင့်ဖြစ်နေပြီဟု သိရသည်။ အဆိုပါပြိုင်ပွဲကို ပရိသတ် ၁၆၀၀၀ ဆံ့သည့် အားကစားရုံကြီးအတွင်း ကျင်းပသွားမည်ဟု အဆင့်မြင့် အရာရှိကြီးတစ်ဦးက ပြောသည်။

အဆိုပါပြိုင်ပွဲကို ဩဂုတ်လ ၂၅ ရက်မှ စက်တင်ဘာ ၁၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အင်ဒိုနီးရှား၊ ဂျပန်နှင့် ဖိလစ်ပိုင်တို့က ပူးတွဲအိမ်ရှင်အဖြစ် ပြုလုပ်သွားမည်ဖြစ်ရာ ၃၂ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ ဂျကာတာရှိ ဂလိုရာဘန်းကာနို အာကစားကျေးရွာရှိ အားကစားရုံကြီး၌ ပြိုင်ပွဲကျင်းပသွားမည် ဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ အားကစားပြိုင်ပွဲကြီးများကို အိမ်ရှင်အဖြစ်လက်ခံကျင်းပနိုင်သည်ကို ကမ္ဘာကို ပြသနိုင်မည်ဟု အင်ဒိုနီးရှားနိုင်ငံပိုင်လုပ်ငန်းများမှ ဝန်ကြီးဖြစ်သူ အီရစ်သိုဟီက ပြောသည်။

ဂျပန်၊ ဖိလစ်ပိုင်တို့နှင့် ပူးတွဲအိမ်ရှင်အဖြစ် ကျင်းပရခြင်းဖြစ်သော်လည်း ရှားပါးသည့် အခွင့်အရေးဖြစ်ကြောင်း ၎င်းကပြောသည်။ အက်ဖ်အိုင်ဘီအေပြိုင်ပွဲသည် အိုလံပစ်ပြိုင်ပွဲနှင့် ယှဉ်နိုင်သည့် ပြိုင်ပွဲကြီးဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံအပေါ် ကမ္ဘာ၏ အာရုံစူးစိုက်မှုကို ရရှိလိမ့်မည်ဟုလည်း ၎င်းကပြောသည်။

**ဆင်ဟွာ**




# ဂျီ - ၂၀ စွမ်းအင်ဝန်ကြီးများ ပူးတွဲကြေညာချက် မထုတ်ပြန်နိုင်ဘဲ အစည်းအဝေးကို ရုပ်သိမ်း

**ဂိုအာ ဇူလိုင် ၂၂**

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေးနှင့် ပတ်သက်ပြီး ဥရောပနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား သဘောထားမတိုက်ဆိုင်မှုများကြောင့် ပူးတွဲကြေညာချက် မထုတ်ပြန်နိုင်ဘဲ ဂျီ - ၂၀ စွမ်းအင်ဝန်ကြီးများသည် အိန္ဒိယနိုင်ငံ၌ ပြုလုပ်သော အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတောင်ပိုင်း ဂိုအာပြည်နယ်၌ ပြုလုပ်သည့် ဇူလိုင် ၂၂ ရက် ဆွေးနွေးပွဲတွင် တည်ငြိမ်သော စွမ်းအင်ထောက်ပံ့မှုနှင့်ပတ်သက်ပြီး စိုးရိမ်မှုမြင့်တက်လာခြင်းအပေါ် ထည့်သွင်းဆွေးနွေးခဲ့သည်။

ဥရောပနိုင်ငံများသည် ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာအသုံးပြုခြင်းမှ သွေဖည်ရန်နှင့် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှု လျှော့ချရေးကို မြှင့်တင်ရန်အလို့ငှာ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကို ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲရေး တောင်းဆိုခဲ့သည်။ သို့သော်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် အပူစွမ်းအင်ထုတ်လုပ်မှုအပေါ် ကြီးမားစွာ အမှီသဟဲပြုနေရသည့် ရေနံထုတ်လုပ်သည့် နိုင်ငံများက သဘောမတူခဲ့ပေ။

အစည်းအဝေးပြီးနောက်တွင် သဘာပတိအဖြစ် ဆောင်ရွက်သော အိန္ဒိယနိုင်ငံသည် ဆွေးနွေးပွဲသို့ တက်ရောက်လာသူများ သဘောတူညီနိုင်သည့် အချက်များကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ အဆိုပါ သဘောတူညီချက်များထဲတွင် နိုင်ငံတစ်ခုချင်းစီ၏ အခြေအနေကို ထည့်သွင်းစဉ်းစားကာ စွမ်းအင်လုံခြုံရေးနှင့် ကာဗွန်ဒိုင်အောက်ဆိုက် လျှော့ချရေးတို့ကို နည်းလမ်းအမျိုးမျိုးဖြင့် အဆင့်မြှင့်တင် လုပ်ဆောင်သွားရန် လိုအပ်ကြောင်း ဖော်ပြပါရှိသည်။

**အင်န်အိတ်ချ်ကေ**

# အနောက်ဘက်ကမ်း မြောက်ပိုင်း၌ အစ္စရေးစစ်သားများ၏ ပစ်ခတ်မှုကြောင့် ပါလက်စတိုင်းလူငယ်တစ်ဦး သေဆုံး

**ရမ်မာလာ ဇူလိုင် ၂၂**

အနောက်ဘက်ကမ်း နာဗလပ်မြို့၌ ဇူလိုင် ၂၁ ရက် ညနေခင်းပိုင်းက အစ္စရေးစစ်သားများ၏ ပစ်ခတ်မှုကြောင့် ပါလက်စတိုင်းတစ်ဦး သေဆုံးခဲ့ကြောင်း ပါလက်စတိုင်း ဆေးအရာရှိနှင့် မျက်မြင်သက်သေတစ်ဦးက ပြောကြားသည်။



ဆဲဘတ်စ်တီယာမြို့၌ အစ္စရေးစစ်သားများက ပါလက်စတိုင်းလူငယ်တစ်ဦးကို သတ်ဖြတ်ခဲ့ပြီး ဒဏ်ရာရရှိသူ အခြားတစ်ဦးကိုလည်း ဖမ်းဆီးထိန်းသိမ်းထားကြောင်း လခြမ်းနီအသင်းမှ လူနာတင်ယာဉ်နှင့် အရေးပေါ်ဌာနမှ အကြီးအကဲဖြစ်သူ အာမက်ဂျီဘာရင်းက ပြောကြားသည်။ အသတ်ခံရသည့် ပါလက်စတိုင်းနိုင်ငံသားမှာ အသက် ၁၈ နှစ်အရွယ် ဖော်ဇီမာခါဖာဖြစ်ကြောင်း ပါလက်စတိုင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါမြို့ရှိ ပါလက်စတိုင်းကားတစ်စီးကို အစ္စရေး စစ်သားများက စတင်ပစ်ခတ်ခဲ့ပြီး ကားထဲတွင် လူငယ်နှစ်ဦးရှိခဲ့ကြောင်း မျက်မြင်သက်သေများက ပြောကြားသည်။

**ဆင်ဟွာ**

# မြန်မာ့ရိုးရာခြင်းလုံးအားကစားကို တန်ဖိုးထားကာ မတိမ်ကော မပပျောက်အောင် လက်ဆင့်ကမ်း ထိန်းသိမ်းသွားကြရမည်





**မန္တလေး ဇူလိုင် ၂၂**

မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်၏ နှစ် (၇၀)ပြည့် အထိမ်းအမှတ် ရိုးရာခြင်းလုံးအလှခတ်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ် မန္တလာသီရိအားကစားကွင်းရှိ Multip-purpose Stadium ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ နာယကနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအတွင်းရှိ အသက်(၇၀)နှစ်အထက် ရိုးရာခြင်းလုံးပညာရှင်များ၊ ဝါသနာရှင်များ၊ အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် **(အပေါ်ပုံ)** မြန်မာနိုင်ငံသည် ဒြပ်ရှိဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ကြွယ်ဝသည့်နိုင်ငံဖြစ်ပြီး ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များတွင် မြန်မာ့ယဉ်ကျေးမှုကို အခြေခံ၍ လက်လှမ်းမီ လွယ်ကူစွာ ကစားနိုင်သည့် မြန်မာ့ရိုးရာ ခြင်းလုံးအားကစားနည်း တစ်ရပ်လည်း ပါဝင်ပါကြောင်း၊ တစ်ဦးနှင့်တစ်ဦး အပေးအယူမျှတခြင်း၊ အသင်းအဖွဲ့စိတ်ဓာတ် ခိုင်မာခြင်း၊ ပူးပေါင်းဆောင်ရွက်တတ်ခြင်းနှင့် တာဝန်ယူတတ်ခြင်း၊ ကျန်းမာရေးကို များစွာအထောက်အကူပြုခြင်း စသည့်အလေ့အကျင့်ကောင်းများ ရရှိလာမည်ဖြစ်ပါကြောင်း၊ ကမ္ဘာကပါ စိတ်ဝင်တစားဖြင့် ကစားနေသည့် မြန်မာ့ရိုးရာခြင်းလုံးကစားခြင်းကို ခေတ်နှင့်အညီ အမြင်ဆန်း အသွင်ဆန်းသော ခြင်းအလှခတ်ကစားနည်းများကို ရှာဖွေဖော်ဆောင်လျက် မြန်မာ့ရိုးရာ ခြင်းလုံးအားကစားကို တန်ဖိုးထားကာ မတိမ်ကော မပပျောက်အောင် လက်ဆင့်ကမ်း ထိန်းသိမ်းသွားကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ် နာယက ဦးစိုးတင့်က နှစ်(၇၀)ပြည့်အထိမ်းအမှတ် ရိုးရာခြင်းလုံးအလှခတ်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များ၊ သမိုင်းကြောင်းများနှင့် မြန်မာ့ရိုးရာအားကစားကို အစဉ်အလာမပျက် ထိန်းသိမ်းနေမှုများကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသက်လွင်က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့က ရိုးရာခြင်းလုံး အလှခတ်ပြသမည့် အသင်း ကိုးသင်းကို ခြင်းလုံးများနှင့် အသက် (၇၀) နှစ်အထက် ရိုးရာခြင်းလုံး ပညာရှင်များအား အမှတ်တရ လက်ဆောင်များ ပေးအပ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အသင်းလိုက် ရိုးရာခြင်းအလှခတ် ကစားပြသခြင်းကို ကြည့်ရှုအားပေးခဲ့ကြသည်။ **သတင်းစဉ်**

# ရန်ကုန်မြို့တော်သန့်ရှင်းသာယာလှပရေးနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ရန်ကုန်မြို့တော်ဝန် ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇူလိုင် ၂၂**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ကော်မတီဝင်များ၊ ဌာနမှူးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုလုပ်ငန်းများ၊ ဒဂုံမြို့နယ် အလုံလမ်း လမ်းသားတိုးချဲ့ခြင်းနှင့် နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများ၊ လှိုင်သာယာမြို့နယ် ထိန်ပင်ရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် စွန့်ပစ်အမှိုက်များမှ စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် မြေဆွေးထုတ်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးဝင်းအတွင်း၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနနှင့် မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနတို့မှ စုပေါင်းဝန်ထမ်းအင်အား ၂၀၀ က စက်ယာဉ်ယန္တရားများဖြင့် ချုံနွယ်များရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး **(အပေါ်ယာပုံ)** လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်ရန်နှင့် ရန်ကုန်မြို့တော်သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ဒဂုံမြို့နယ် အလုံလမ်း (ပြည်လမ်းနှင့် တော်ဝင်လမ်းကြား)ကွန်ကရစ်လမ်းသားတိုးချဲ့ခြင်းနှင့် နိုင်လွန်ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းအား ကြည့်ရှုစစ်ဆေးရာ သတ်မှတ်ထားသည့် အရည်အသွေး စံချိန်စံညွှန်းများအတိုင်း ဆောင်ရွက်ရန်၊ ရေစီးရေလာကောင်းမွန်စေရေး၊ ယာဉ်များအန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်ရန် လမ်းစည်းကမ်းအမှတ်အသားများ စနစ်တကျရေးဆွဲထားရန်နှင့် လမ်းလယ်ကျွန်းအရိပ်ရပင်များ စနစ်တကျ ညီညာလှပမှုရှိစေရေး ဆောင်ရွက်ထားရှိရန် မှာကြားသည်။ အဆိုပါလမ်း ကွန်ကရစ်လမ်းသားကို ရှစ်ပေ တိုးချဲ့ခြင်း၊ အရှည်ပေ ၇၀၀ နှင့် ထု နှစ်လက်မ နိုင်လွန် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ဆက်လက်ပြီး ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် လှိုင်သာယာမြို့နယ် ထိန်ပင်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ စိုက်ပျိုးထားသည့် မိုးစပါးစိုက်ခင်းနှင့် သီးပင်စားပင်စိုက်ခင်းသို့ရောက်ရှိရာ တာဝန်ရှိသူများက မိုးစပါးစိုက်ပျိုးထားရှိမှုနှင့် သီးပင်စားပင်များ အောင်မြင်စွာ စိုက်ပျိုးထားမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က မိုးစပါးအားအတန်းလိုက် စနစ်တကျ စိုက်ပျိုးထားရှိရန်၊ အထွက်နှုန်းကောင်းမွန်သည့်



စပါးမျိုးများ စိုက်ပျိုးရန်နှင့် မြေလွတ်မြေရိုင်းများကို စိုက်ပျိုးရေးလုပ်ငန်းများအတွက် အကျိုးရှိစွာ အသုံးပြုရန်မှာကြားပြီး စိုက်ပျိုးထားသည့် သီးပင်စားပင်များကို ကြည့်ရှုသည်။

ထို့နောက် မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် အမှိုက်ပုံမှ ထွက်ရှိသည့် စွန့်ပစ်အမှိုက်များမှ တစ်နေ့လျှင် ၅ တန်ကျ မြေဆွေးထုတ်လုပ်သည့် လုပ်ငန်းခွင်သို့ရောက်ရှိရာ တာဝန်ရှိသူများက မြေဆွေးထုတ်လုပ်ပုံအဆင့်ဆင့်အား ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က အမှိုက်မှ မြေဆွေးများများထုတ်လုပ်နိုင်လျှင် အမှိုက်များ လျော့နည်းလာမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ စနစ်တကျလည်ပတ်နိုင်ရန် ကုန်ကြမ်းများ အဆင်သင့်ရှိနေရန် လိုအပ်ကြောင်း၊ ထုပ်ပိုးမှုစနစ်များ ကောင်းမွန်စနစ်ကျရန် လိုအပ်ကြောင်း၊ အရည်အသွေး ပြည့်မီသည့် မြေဆွေးများ ထုတ်လုပ်နိုင်ရေးနှင့် ပြင်ပသို့ ဖြန့်ချိပါက အချိန်အတွယ် ပြည့်မီမှန်ကန်ရန် လိုအပ်ကြောင်း မှာကြားသည်။

ဆက်လက်ပြီး မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ထိန်ပင်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဘဲမွေးမြူရေးခြံသို့ ရောက်ရှိပြီး ဘဲအကောင်ရေများ တိုးချဲ့မွေးမြူရန်၊ မွေးမြူထားသည့်ဘဲများအား အမြဲမပြတ် စောင့်ကြည့်ပြီး ဂရုတစိုက် မွေးမြူထားရှိရန် လိုအပ်ကြောင်း မှာကြားသည်။ **သတင်းစဉ်**

# ကျောက်ဖြူ၌ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သူများအား ဂုဏ်ပြုဆုချီးမြှင့်

**ကျောက်ဖြူ ဇူလိုင် ၂၂**

ရခိုင်ပြည်နယ်ကျောက်ဖြူမြို့နယ်၏ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံးကျောင်းများ၊ ထူးချွန်စွာအောင်မြင်ခဲ့သော ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျောက်ဖြူမြို့ အထက(၁) အောင်ဆန်းခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။



ရှေးဦးစွာ ကျောက်ဖြူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်နိုင်ဦးက အမှာစကားပြောကြားပြီး ဂုဏ်ထူးရကျောင်းသား ကျောင်းသူများနှင့် အောင်ချက်အကောင်းဆုံးကျောင်းများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇေယျမင်းနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဝိဇ္ဇာဘာသာတွဲဖြင့် မြန်မာတစ်နိုင်ငံလုံး၌ ပထမဆုရရှိသည့် ကျောင်းသူ မထိုက်သူလင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ကျောင်းသား ကျောင်းသူများက ပညာ့ဗိမာန်သီချင်း သီဆိုကြသည်။ ဆုချီးမြှင့်ပွဲတွင် နိုင်ငံတော်အဆင့် ဝိဇ္ဇာဘာသာတွဲ ပထမဆုရှင် တစ်ဦး၊ တိုင်းအဆင့် ဆုရရှိသူ သုံးဦးအပါအဝင် ဂုဏ်ထူးရရှိသူ ၂၃၇ ဦးနှင့် အောင်ချက်အကောင်းဆုံးကျောင်း သုံးကျောင်းတို့ကို ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

လပြည့်ဦး(ပြန်/ဆက်)



ပဲခူးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ပဲခူးမြို့နယ် အင်းတကော်မြို့ စာသူငယ်ချောင်းအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဇူလိုင် ၂၁ ရက် က အဆိုပါချောင်း၌ ကျင်းပရာ ပဲခူးခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးတင်ဝင်းထွန်း၊ အင်းတကော်မြို့အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက သနပ်ပင်ငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ၁၀၀၀၀၀၊ ငါးခုံးမကြီး ကောင်ရေ ၂၈၀၀၀၀ တို့ကို ငါးမျိုးစိုက်ထည့်စဉ်။ သတင်းစဉ်

# ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများ အနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြား ငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရွန်နစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှု ပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့်လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay ၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay ၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက် နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှု များပြားသည့် CB Pay ၊ AYA Pay၊ OK $ ၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

## ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာ

နေပြည်တော် ဇူလိုင် ၂၂

မြန်မာနိုင်ငံ၌ မေ ၁၄ ရက်တွင် ဖြစ်ပွားခဲ့သည့် အလွန်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့် ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများ အနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများ မှတစ်ဆင့် SMS (စာတို)ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင် ပြည်သူ များအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးကြေညာထားသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃ -၇-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၇၅ | ၂၂၂၅ | ၂၂၂၀ | ၂၁၈၅ | ၂၂၂၅ | ၂၂၄၅ | ၂၂၃၀ | ၂၂၁၀ | ၂၃၁၀ | ၂၃၂၅ | ၂၂၁၅ | ၂၂၂၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၆၅ | ၂၄၈၅ | ၂၈၂၀ |
| 95 Ron | ၂၂၉၀ | ၂၃၄၀ | ၂၃၄၀ | ၂၃၀၀ | ၂၃၄၀ | ၂၃၆၀ | ၂၃၄၅ | ၂၃၂၅ | ၂၄၂၀ | ၂၄၄၀ | ၂၃၃၀ | ၂၃၄၅ | ၂၃၇၅ | ၂၃၇၅ | ၂၃၈၀ | ၂၆၁၀ | ၂၉၂၀ |
| HSD (500 ppm) | ၂၀၅၅ | ၂၂၀၅ | ၂၂၀၀ | ၂၁၆၅ | ၂၂၀၅ | ၂၂၂၅ | ၂၂၂၀ | ၂၁၉၀ | ၂၃၁၀ | ၂၃၀၅ | ၂၁၈၅ | ၂၂၀၅ | ၂၂၄၀ | ၂၂၄၀ | ၂၂၄၅ | ၂၄၇၅ | ၂၉၂၀ |
| HSD (50 ppm) | ၂၂၃၅ | ၂၂၈၅ | ၂၂၈၀ | ၂၂၄၅ | ၂၂၈၅ | ၂၃၀၅ | ၂၃၀၀ | ၂၂၇၀ | ၂၃၉၀ | ၂၃၈၅ | ၂၂၇၅ | ၂၂၈၅ | ၂၃၂၀ | ၂၃၂၀ | ၂၃၂၅ | ၂၅၅၅ | ၂၉၈၀ |
| HSD (10 ppm) | ၂၂၃၅ | ၂၂၈၅ | ၂၂၈၀ | ၂၂၄၅ | ၂၂၈၅ | ၂၃၀၅ | ၂၃၀၀ | ၂၂၇၀ | ၂၃၉၀ | ၂၃၈၅ | ၂၂၇၅ | ၂၂၈၅ | ၂၃၂၀ | ၂၃၂၀ | ၂၃၂၅ | ၂၅၅၅ | ၂၉၈၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၆၈ | ၂၁၄၃ |
| 95 Ron | ၂၁၇၉ | ၂၂၅၆ |
| HSD (500 ppm) | ၂၀၅၂ | ၂၁၂၂ |
| HSD (50 ppm) | ၂၁၂၅ | ၂၁၉၇ |
| HSD (10 ppm) | ၂၁၂၅ | ၂၁၉၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ် ပါသည်-

၀၆၇- ၃၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# မြန်မာ့ရိုးရာ ပြက္ခဒိန်နှင့် ဝါထပ်ခြင်း

အမျိုးသားစာပေဆုရ အောင်စိုး (တိရစ္ဆာန်ဆေးကုဆရာဝန်)

**လွန်ခဲ့သောနှစ်သန်းပေါင်း ၄၀ ခန့်ကဟု ယူဆရသည့် လူတူပရိုင်းမိတ်ကို မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ အနောက်ဘက်ခြမ်းရှိ ပုံတောင်ပုံညာဒေသတွင် တွေ့ရှိခဲ့ရသည့် ပုံတောင်ဂျီးယား (Pondaungia) ကျောက်ဖြစ်ရုပ်ကြွင်းများက သက်သေပြနေသည်။ ထို့ကြောင့် ကမ္ဘာ့လူမျိုးအစ ပုံတောင်ပုံညာကဟု ကမ္ဘာ့ပညာရှင်များက အသိအမှတ်ပြုခဲ့ကြသည်။**




မြန်မာသက္ကရာဇ် ၁၃၈၄ – ၈၅ တန်ခူး – ကဆုန်လအတွက် မြန်မာပြက္ခဒိန်။

လွန်ခဲ့သော နှစ်ပေါင်းတစ်သန်းနှင့် တစ်သောင်းကြားခန့် စတုတ္ထကပ်ဦး (နှင်းခဲခေတ်) ပလိုင်စတိုဆင်းယုဂ်ခေတ် (Pleistocene Period) တွင် ကျောက်ခေတ်လူသားများ နေထိုင်ခဲ့ကြောင်းကို အထောက်အထားပြုသည့် ကျောက်ဖြစ်ရုပ်ကြွင်းများဖြစ်သည့် ကျောက်လက်နက်များနှင့် သတ္တဝါတို့၏ အရိုးများကို တူးဖော်ရရှိခြင်းက သက်သေပြနေသည်။ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်တို့၏ ပစ္စည်းများ တူးဖော်ရရှိခဲ့သည့် မြန်မာ့ဒေသများမှာ မကွေး၊ မင်းဘူး၊ ချောက်၊ ရေနံချောင်း၊ ပုဂံ၊ မြင်းခြံ၊ စစ်ကိုင်း၊ သရက်၊ ပြည်၊ ကချင်တောင်တန်း၊ တနင်္သာရီ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ပြဒါးလင်းဂူ၊ မုံရွာ၊ တောင်ငူ၊ သံတွဲ စသည့်ဒေသများမှ ဖြစ်ပါသည်။ ထိုသို့ မြန်မာ့ကျောက်ခေတ်ယဉ်ကျေးမှုကို အညာသီယံယဉ်ကျေးမှု (Anyathian Culture)ဟု သုတေသီများက အသိအမှတ်ပြုခဲ့ကြသည်။

မြန်မာ့မြေပေါ်တွင် ကမ္ဘာဦးကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်လူသားများ နေထိုင်ခဲ့ကြောင်းကို သဲလွန်စ ကျောက်ဖြစ်ရုပ်ကြွင်းများ တွေ့ရှိရလင့်ကစား၊ နှစ်ပရိစ္ဆေဒ တိတိကျကျဖော်ပြရန် မလွယ်ကူပါချေ၊ ခရစ်တော်မပေါ်မီ နှစ်ပေါင်းတစ်ထောင်ခန့်ကပင် မြန်မာ့မြေပေါ်တွင် ယဉ်ကျေးသော လူသားအမျိုးအနွယ်များ နေထိုင်ကြပြီးဖြစ်သည်။ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာကြသည့် လူမျိုးတို့သည် တရုတ်ပြည်အနောက်ပိုင်း (အာရှတိုက်အလယ်ပိုင်း) မောင်ဂိုလ် (မောင်းဂွတ်) အနွယ်လူမျိုးများဖြစ်သည့် မွန်–ခမာနွယ်နှင့် တိဗက် – မြန်မာအနွယ်၊ ထိုင်း–တရုတ်အနွယ်များဖြစ်သည်။

"မြန်မာအစ တကောင်းက" ဟု ဆိုရိုးစကားမှာ ဒဏ္ဍာရီဆန်သည့် သမိုင်းဟု အချို့ကဆိုကြသည်။ သို့သော် ကမ္ဘာတစ်ဝန်းလုံးမှ ဒဿနပညာရှင်၊ မနုဿဗေဒပညာရှင် အချို့ကမူ ဒဏ္ဍာရီဖြစ်စေကာမူ လုံးဝပယ်ကောင်းသည်မဟုတ်ပေဟု အဆိုရှိထားကြ၏။ တကောင်းရာဇဝင်သည် လက်ခံနိုင်ဖွယ်ရှိသည့် သမိုင်းအထောက်အထားများ ရှိနေသည်။ ထို့အပြင် မြန်မာရှေးနန်းသုံး ဦးကုလားမဟာရာဇဝင်နှင့် မှန်နန်းရာဇဝင်တော်ကြီးတို့ကို ပစ်ပယ်၍မရနိုင်ပါဟု သုံးသပ်ရမည်ဖြစ်သည်။

မြန်မာအစ တကောင်းခေတ်၊ ပျူခေတ် ပြည်သူများသည် အချိန်၊ နာရီ၊ နေ့ရက်၊ လ၊ နှစ်တို့ကို ခေတ်နှင့်အညီ လက်ခံသုံးစွဲနေပြီး သက္ကရာဇ် ၂၀ (ဘီစီ ၅၂၄) ခုနှစ် တကောင်းပြည်တွင် သတိုးမဟာရာဇာမင်းကြီး နန်းတက်သည်။ သာသနာတော်သက္ကရာဇ် ၄၀ (ဘီစီ ၅၀၄) နှစ်တွင် တကောင်းမင်း၏ မိဖုရား ကိန္နရာဒေဝီသည် သားတော် မဟာသမ္ဘဝနှင့် စူဠသမ္ဘဝအမည်ရှိ မျက်မမြင်သားတော်နှစ်ဦးကို မွေးဖွားတော်မူ၏ဟု ပြဆိုထားသည်။ မဟာသမ္ဘဝမင်းသည် သာသနာတော်သက္ကရာဇ် ၆၀ ပြည့်နှစ်တွင် ရသေ့မြို့ (သရေခေတ္တရာ) တည်ခဲ့သည်။

### မြန်မာတို့သုံးခဲ့သည့် သက္ကရာဇ်သမိုင်းအစဉ်အလာ

မြန်မာနိုင်ငံတွင် တကောင်း၊ ပျူ (သရေခေတ္တရာ)၊ မွန်(သုဝဏ္ဏဘူမိ) နိုင်ငံများသည် ဗုဒ္ဓဘာသာတရားဓမ္မအဆုံးအမ သာသနာတော်နှင့် အိန္ဒိယယဉ်ကျေးမှုကို ဆက်နွယ်ရရှိခဲ့သည်။ ထို့ကြောင့် ပျူနှင့် မွန်ယဉ်ကျေးမှုကို ဆက်ခံသည့် မြန်မာတို့၏ ပုဂံခေတ်အစကပင် သက္ကရာဇ်ဟူသည့် ဝေါဟာရအဓိပ္ပာယ်တို့ သိရှိနေပြီး ပုဂံလူမှုရေး၊ ယဉ်ကျေးမှုနယ်ပယ်တွင် သုံးစွဲနေကြပြီဖြစ်သည်။

လူသားတို့ ကမ္ဘာလောကကြီးတွင် ဖြစ်ပြီးခဲ့သော အတိတ်နှစ်များသည် နှစ်ပရိစ္ဆေဒ ကြာညောင်းခဲ့ပြီးဖြစ်သည်။ ကမ္ဘာဦးအစ မဟာသမ္မတမင်းမှစ၍ အတိတ်နှစ်များကို စတင်ရေတွက်လာသည့်ခေတ်ကို ကလိယုဂ်တွင် မြန်မာသက္ကရာဇ် နှစ်ပြောင်းလဲခဲ့သည်ဟု ပြဆို၏။ သူရိယာသိဒ္ဓန္တကျမ်းတွင် စတုယုဂ်တစ်ခုတွင် နှစ်ပေါင်း ၄၃၂၀၀၀၀ ရှိ၍ ယုဂ်လေးပါး ပိုင်းခြားထားသည်။

(၁) ကတယုဂ် – နှစ် ၁၇၂၈၀၀၀။
(၂) တြေတယုဂ် – နှစ် ၁၂၉၆၀၀၀၊
(၃) ဒွါပရယုဂ် – နှစ် ၈၆၄၀၀၀။
(၄) ကလိယုဂ် – နှစ် ၄၃၂၀၀၀ ဟု ပြဆိုသည်။

ဂေါတမပူရာကဏ်ကျမ်း ပထမကဏ္ဍတွင် ကလိယုဂ် "နှစ်ဆန်းသည် နှစ်ပေါင်း ၂၅၇၀ ရောက်သောနှစ်၌ ဂေါတမမြတ်စွာဘုရား ပွင့်တော်မူသည်" ဟု ရေးသားထားပါသည်။

ယင်းအကြောင်းကို မန်လည်ဆရာတော်ဘုရားကြီးက မဟာသုတကာရီ မဃဒေဝလင်္ကာ၊ နိဂမခဏ်းအဆက် ၂၊ ဓမ္မသရိယာ နိသံသဒီပနီအပိုဒ် ၅၅၄ တွင် "xxx လေးတန်ယုဂ၊ ထိုလောက်မျှတွင်၊ ကတ နှစ်တွင်း၊ လူခပင်းတို့ မကြွင်းသသုံ၊ လုံးစုံသမ္မာ၊ မှန်သစ္စာ၏၊ တြေတာတုံ၊ လေးပုံပုံပြား၊ သုံးပုံအားဖြင့်၊ တရားတည်ကြ၊ တစ်ပုံပ၏၊ ဒွာပရစက်၊ ထိုယုဂ်သက်နှင့်၊ ထက်ဝက်ကောင်းဆိုး၊ နှစ်မျိုးညီဘိ၊ ယုဂ်ကလိကား၊ အသိအယူ၊ အမူကောင်းစွာ၊ သတ္တဝါနည်းလှ၊ တစ်ဘို့မျှဖြင့်၊ သုံးဆချွတ်ယွင်း၊ တရားကင်း၏၊ ယင်းကလိယုဂ်၊ သမုတ်လူ့ဘောင်၊ နှစ်ယခေါင်တွင်၊ နှစ်ထောင်ကျော်ထငါးရာ့နှစ်ဆယ်၊ ပြည်ကယ်တုံလျက်၊ ဆန်းလွန်တက်မှ၊ ရာသက်ကာလ၊ ယာယနဦ၊ သကျသီဟ၊ ဂေါတမဟု၊ လောကထွတ်ထား၊ မြတ်ဘုရားလျှင်၊ ထင်ရှားလူ့ရွာ၊ ဖြစ်ပွင့်လာ၍ xxx" စသည်ဖြင့် မိန့်ဆိုထားရှိသည်ကို မှတ်သားရပါသည်။

ယခု မြန်မာနိုင်ငံ၌ အသုံးပြုသော သက္ကရာဇ်သည် ကလိယုဂ်နှစ်များမှ ပျူမြန်မာမင်းအဆက်ဆက် သက္ကရာဇ်ဖြိုခဲ့သောနှစ်မှ ကြွင်းသောနှစ်များ အတိုင်း ယူထားခြင်းဖြစ်ပါသည်။

### သက္ကရာဇ်ခုနှစ်များကိုတွက်ချက်ခြင်း

**(က) သာသနာတော်နှစ်**

မြန်မာကောဇာသက္ကရာဇ်ကိုတည်၍ သရေခေတ္တရာ သုမုန္ဒရီမင်း ဖြိုခဲ့သော ၆၂၂ နှင့် ပုဂံပုပ္ပားစောရဟန်းမင်း ဖြိုခဲ့သော သက္ကရာဇ် ၅၆၀ ကို ပေါင်းပါက ၁၁၈၂ ရရှိသည်။ ဥပမာ (ရောက်ဆဲ မြန်မာကောဇာသက္ကရာဇ် ၁၃၈၅ ကို ဖြိုခဲ့သည့်သက္ကရာဇ် ၁၁၈၂ နှင့်ပေါင်းပါက သာသနာတော်နှစ် ၂၅၆၇ နှစ် ရောက်ကြောင်း သိရပါမည်။ ရှေးပညာရှင်များက "ဒွေအင္ဂနှင့် ကေကော နှောတုံပါက၊ သာသနာနှစ်၊ အတိတ်ဖြစ်၏" ဟု လင်္ကာသီကုံးခဲ့ကြသည်။ (ပိဋကတ်သင်္ချာဟူသမျှ အပြန်ယူလေကြ) ဟူသည်နှင့်အညီ "ဒွေအင္ဂကေကော" လင်္ကာအရ ၂၈၁၁ ကို "၁၁၈၂" နှစ်ဟု ယူရပါသည်။

**(ခ) ကလိယုဂ်နှစ်**

ယခုရောက်သည့် သာသနာတော်နှစ် ၂၅၆၇ ("သုညသက္က၊ ပဉ်းဒွယ၊ နှောထကလိယုဂ်") ဟူသည့်အတိုင်း ၂၅၇၀ နှစ်ကိုရောပါက ရောက်ဆဲကလိယုဂ်နှစ် ၅၁၃၇ ကို ရပေသည်။ ၂၅၇၀ နှစ်ဆိုသည်မှာ ဂေါတမမြတ်စွာဘုရားသည် ကလိယုဂ်နှစ်ဆန်းသည်မှ နှစ်ပေါင်း ၂၅၇၀ သို့ ရောက်တော်မူစဉ် ပွင့်ထွန်းတော်မူသော ကလိယုဂ်နှစ်ဖြစ်ပါသည်။

သို့ဖြစ်၍ ယခုရောက်ဆဲ သာသနာတော်နှစ် ၂၅၆၇ + ၂၅၇၀ ပေါင်းသော် ကလိယုဂ် ၅၁၃၇ ခုနှစ် ဟူ၍ ပြဆိုနိုင်ပါသည်။

**(ဂ) ခရစ်နှစ်**

မည်သည့် မြန်မာနှစ်တွင်မဆို ခရစ်နှစ်ကိုသိလိုသော် ရောက်ဆဲ မြန်မာသက္ကရာဇ်ကိုတည်၍ "၆၃၈" နှင့် ပေါင်းပါက ခရစ်နှစ်ကို ရရှိပါသည်။ "၆၃၈" နှစ်ဆိုသည်မှာ ပုဂံခေတ် ပုပ္ပားစောရဟန်းမင်း သက္ကရာဇ်ဖြိုစဉ်အခါက အေဒီ ၆၃၈ နှစ် ဖြစ်ပါသည်။ (ဥပမာ– ယခုရောက်ဆဲ မြန်မာသက္ကရာဇ် ၁၃၈၅ + ၆၃၈ ယခု ခရစ်နှစ်အေဒီ ၂၀၂၃ ခုနှစ်ဖြစ်သည်) ကို တွေ့ရှိရမည်ဖြစ်ပါသည်။

**(ဃ) သာကမင်းဆက်အိန္ဒိယသက္ကရာဇ်**

အိန္ဒိယနိုင်ငံမင်းဆက် (သာကမင်းဆက်)ကို အကြောင်းပြု၍ စတင်ခဲ့သောကြောင့် သက္ကရာဇ် (ခုနှစ်) ဟု ခေါ်ပါသည်။ အိန္ဒိယသမိုင်းတွင် "သာကခေတ်" နှစ်မျိုးရှိသည်။ သာကခေတ်ဟောင်းသည် ခရစ်တော်မပေါ်မီ (BC 123) ခုနှစ်နှင့် ညီသည်။ သာကခေတ်သစ် သက္ကရာဇ်သည် ခရစ်တော်ဖွားမြင်ပြီး အေဒီ ၇၈ ခုနှစ်နှင့်ညီသည်။

သရေခေတ္တရာ သုမုန္ဒရီမင်းကြီးလက်ထက် ၆၂၃ သို့ ရောက်သောအခါ အိန္ဒိယပြည် မြောက်ပိုင်းကို အုပ်စိုးသော သာလိဝါဟနသက (ခေါ်) ဘုရင်ကနစ်သျှမင်းသည် ရောက်နေဆဲ အိန္ဒိယသက္ကရာဇ် ၃၁၈၀ မှ ၃၁၇၈ ဖြိုပစ်၍ ၂ ခု ကြွင်းထားခဲ့သည်။ သုမန္ဒီမင်းသည်လည်း သက္ကရာဇ် ၆၂၄ (အေဒီ ၈၀) မှ ၆၂၂ ကို ဖြိုပစ်ကာ ၂ ခုကြွင်းထားသည်။ ထိုအချိန်မှစ၍ မြန်မာနှင့် အိန္ဒိယသည် အကြွင်းချင်းညီကာသက္ကရာဇ်ချင်းလည်း တူညီခဲ့သည်။

*စာမျက်နှာ ၁၇ သို့*

❂ အင်္ဂလိပ်ပြက္ခဒိန်ပညာရှင်များက တွက်ချက်ရာ၌ နေသွားကို အခြေပြုထားသည်။ ၁၂ လတွင် တစ်လချင်းစီ ၃၀ ရက်နှင့် ၃၁ ရက်သတ်မှတ်သည်။ လထပ်ဟူ၍မရှိ။ ရက်ငင်သာရှိသည်

❂ မြန်မာအပါအဝင် အာရှအရှေ့နိုင်ငံများတွင် တွက်ချက်ရာ၌ ပြက္ခဒိန်ကို စီစဉ်ရာတွင် လထပ်၊ ရက်ငင်အရေးများ မှန်ကန်စွာ ညီညွတ်စေရန် သာမန်လူများ မတွက်နိုင်ပါ။ နက္ခတ်ပညာတွက်ကိန်းများကို လိုက်စားသူများသာ တွက်ချက်နိုင်၏

*စာမျက်နှာ ၁၆ မှ*

**(င) မြန်မာသက္ကရာဇ်**

အေဒီ ခုနစ်ရာစု အလယ်ခန့်က ဆူဆန် (Hsuan) နှင့် အိဆန် (I Tasnq) အမည်ရှိသော တရုတ်ခရီးသည် နှစ်ဦး၏ မှတ်တမ်းများတွင်ကား သီရိခေတ္တရာမြို့ကြီးသည် ဗုဒ္ဓဘာသာထွန်းကားသော နိုင်ငံဟု ဆိုခဲ့သည်။ ပျူတို့သည် မြန်မာသက္ကရာဇ် ၆၃၈ ကို စထွင်ခဲ့ဟန်ရှိကြောင်း ပြဆိုကြသည်။ ခရစ်သက္ကရာဇ် ၁ ရာစုတွင်ပျူတို့သည် ယခုမြန်မာတို့သုံးသည့် သက္ကရာဇ်ကို စတင်တီထွင်ကြောင်းကို မှတ်သားရပါသည်။

သုမုန္ဒရီမင်းဖြိုပြီးနောက် သက္ကရာဇ်တို၁၆ (အေဒီ ၉၄) ခုနှစ်တွင် သရေခေတ္တရာပြည်ပျက်၏။ သက္ကရာဇ်တို ၂၉ နှစ် (အေဒီ ၁၀၇) ခုနှစ်တွင် သမုဒ္ဒရာဇ်မင်းသည် ပုဂံရာမပြည်ကို တည်ထောင်ခဲ့သည်။ ဆက်လက်၍ မြန်မာသက္ကရာဇ် ၂၂၁ (အေဒီ ၈၄၉) ခန့်တွင် ပျဉ်ပြားမင်းသည် ပုဂံပြည်ကို စတင်တည်ထောင်သည်။

သက္ကရာဇ်များကို ဆက်လက်ရေတွက်လာခဲ့ရာမှ သက္ကရာဇ် ၅၆၂ (အေဒီ ၆၃၈) သို့ ရောက်သောအခါ ထွန်းချစ်မင်း၏ မိဖုရားဆရာ သံဃရာဇာမင်းဟုခေါ်သည့် ပုပ္ပါးစောရဟန်းမင်းကြီးသည် သက္ကရာဇ်ဖြိုကိန်းနှင့်ကြုံပြီး ၅၆၀ ကို ဖြိုပစ်ကာ အကြွင်း ၂ ထားခဲ့သည်။ ထို့ကြောင့် ယခုရောက်ဆဲ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်ကို ၆၃၈ ပေါင်းပါက ခရစ်နှစ် ၂၀၂၃ ဖြစ်ကြောင်းကို သိနိုင်သည်။ ၁၃၈၅ + ၆၃၈=၂၀၂၃ ဖြစ်ပါ၏) အိန္ဒိယပြည်မင်းတို့မှာ ပုဂံပြည့်ရှင် ပုပ္ပားစောရဟန်းမင်းကဲ့သို့ သက္ကရာဇ်မဖြိုဘဲ ဆက်လက်ရေတွက်လာခဲ့သည့်အတွက် သာသနာတော်သက္ကရာဇ်နှစ်နှင့်လည်း မတူညီ၊ မြန်မာသက္ကရာဇ်နှင့်လည်း မတူညီတော့ပေ။ သီရိလင်္ကာ (သီဟိုဠ်) လူမျိုးမှာမူ သာသနာသက္ကရာဇ်ကိုသာ ဆက်လက်အသုံးပြုကြသည်။

**နှစ်တစ်နှစ်၏ အပိုင်းအခြား သတ်မှတ်ရာ ပြက္ခဒိန်**

ပြက္ခဒိန်ဟူသည်မှာ နေ့ရက်၊ လ၊ နှစ်၊ ရာသီအပိုင်းအခြား သတ်မှတ်ထားခြင်းဖြင့် ရွေ့လျားတိုးတက်ပြောင်းလဲနေသည့် မှတ်တမ်းတစ်ခုပင်ဖြစ်သည်။ ပါဠိသက် ဝေါဟာရအဘိဓာန်တွင် ပက္ခဒိနဟူသည့် ပါဠိမှ ဆင်းသက်လာသည်။ (ပက္ခ-လဆန်းဆယ့်ငါးရက်၊ လဆုတ်ငါးရက်) (ဒိန-နေ့) ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုသည်။ ပြက္ခဒိန်ဟူသည့် ခေါ်ဝေါ်သည့်စာလုံးပေါင်းမှာ ပက္ခဒိန်-ဟူသည့် အရေးအသားမှ မြန်မာစာပေ ပြောင်းလဲမှုအဆင့်ဆင့်တွင် ခေတ်နှင့်အညီ ရေးသားလာကြခြင်းဖြစ်သည်။

ကမ္ဘာမြေလုံးကြီးသည် နေကိုလှည့်ပတ်သွားလာခြင်းအားဖြင့် ရာသီများဖြစ်ပေါ်လာ၏။ တစ်ပတ်ပြည့်သောအချိန်ကို တစ်နှစ်ဟုသတ်မှတ်ကြသည်။ တစ်နှစ်လျှင် ၃၆၅ ရက် ၆ နာရီခန့်ရှိ၏။ နွေ၊ မိုး၊ ဆောင်း ရာသီသုံးမျိုး ထားရှိသည်။ လကို သတ်မှတ်ရာတွင် မြန်မာတို့က လဆန်း၊ လပြည့် ၁၅ ရက်၊ လဆုတ်လကွယ် ၁၅ ရက်စီ သို့မဟုတ် ၁၄ ရက်စီ သတ်မှတ်၏။ တစ်လတွင် ရက်ပေါင်း ၂၉ ရက် ၁၂ နာရီကျော်ရှိ၏။ ထို့ကြောင့် ၁၂ လတွင် ရက်မစုံ ၂၉ ရက် (၆) လ၊ ရက်စုံ ၃၀ ရက် (၆) လ သတ်မှတ်ထားသည်။ ၁၂ လတွင် ၃၅၄ ရက်ကျော် ၃၅၅ ရက်ရှိသည်။

အင်္ဂလိပ်ပြက္ခဒိန် ပညာရှင်များက တွက်ချက်ရာ၌ နေသွားကို အခြေပြုထားသည်။ ၁၂ လတွင် တစ်လချင်းစီ ၃၀ ရက်နှင့် ၃၁ ရက်သတ်မှတ်သည်။ လထပ်ဟူ၍မရှိ။ ရက်ငင်သာရှိသည်။

မြန်မာအပါအဝင် အာရှအရှေ့နိုင်ငံများတွင် တွက်ချက်ရာ၌ ပြက္ခဒိန်ကို စီစဉ်ရာတွင် လထပ်၊ ရက်ငင်အရေးများ မှန်ကန်စွာ ညီညွတ်စေရန် သာမန်လူများမတွက်နိုင်ပါ။ နက္ခတ်ပညာတွက်ကိန်းများကို လိုက်စားသူများသာ တွက်ချက်နိုင်၏။ ထို့ကြောင့် မြန်မာပြက္ခဒိန်ကို စီစဉ်ရာ၌လည်း လထပ်ရက်ငင် တွက်ချက်မှု မှန်ကန်ညီညွတ်စေရန် မြန်မာနိုင်ငံပြက္ခဒိန် အကြံပေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးထားပါသည်။

မြန်မာနိုင်ငံ၌ ယခုအခါ ပြက္ခဒိန်တွက်ချက်ရာတွင် အနောက်နိုင်ငံသုံး သူရိယသိဒ္ဓန္တကျမ်းကို မှီငြမ်းပြု၍ တွက်ချက်သည်။ နက္ခတ်ပညာသည် အနောက်နိုင်ငံများတွင် ပိုမိုထွန်းကားလျက်ရှိပြီး နက္ခတ်မျှော်စင်၊ မှန်ပြောင်းများဖြင့် လေ့လာနေခြင်းကြောင့် အနောက်နိုင်ငံများ၏ ကိန်းဂဏန်းများက သာလွန်မှန်ကန်လျက်ရှိကြောင်း တွေ့ရှိရသည်။

သူရိယသိဒ္ဓန္တကျမ်းတွက်အရ မြန်မာ့ပြက္ခဒိန်တွက်ချက်ရာ၌ အခြေပြုသော ကိန်းဂဏန်းများ (၃) မျိုးရှိပါသည်။

(၁) သူရိယမာသနှစ် (၃၆၅ ရက် ၆ နာရီ ၁၂ မိနစ်၊ ၃၇ စက္ကန့်)
(၂) စန္ဒရမာသနှစ် (၃၅၄ ရက် ၈ နာရီ ၄၈ မိနစ်၊ ၃၄ စက္ကန့်)
(၃) ဝေါဟာရမာသနှစ် (၃၅၄ ရက်)။

သူရိယမာသနနှစ်သည် ရွေ့နှစ်သင်္ကြန်တက်ချိန်မှ နောက်နှစ်သင်္ကြန်တက်ချိန်အထိဖြစ်သည်။

စန္ဒရမာသနှစ်သည် ကောင်းကင်မျက်မြင်ရှေ့လဆန်း စသည့်နေ့မှ နောက်လဆန်း စသည့်နေ့အထိ တစ်ကြိမ်သတ်မှတ်၍ အကြိမ်ပေါင်း ၁၂ ကြိမ်ပြည့်ချိန်ဖြစ်၏။

ဝေါဟာရမာသနှစ်မှာ နှစ်မျိုးရှိ၏။ (က) သာမန်နှစ် (လပေါင်း ၁၂ လ) နှင့် (ခ) ဝါထပ်နှစ် တစ်လပေါင်း ၁၃ လ ဖြစ်၏။

မြန်မာပြက္ခဒိန်၏ နှစ်အပိုင်းအခြားနှင့်အနောက်နိုင်ငံ၏ ပြက္ခဒိန်နှစ်အပိုင်းအခြားသည် မူအားဖြင့် အတူတူဖြစ်သည်။ နေသွားကို အမှီပြုထားကြသည်။ သို့အတွက် နှစ်ဆန်းသင်္ကြန်ကျရက်သည် အနောက်နိုင်ငံသုံးပြက္ခဒိန် ဧပြီလ ၁၃ ရက် သို့မဟုတ် ၁၄ ရက်စသည်ဖြင့် လ၊ ရက်နှင့် ကိုက်ညီနေကြောင်း တွေ့ရသည်။

**မြန်မာ့ဆယ့်နှစ်လရာသီခွင်ပြက္ခဒိန်**

မြန်မာတို့၏ ရာသီစက်ဝန်းရေတွက်ပုံသည် ခရစ်နှစ်ပြက္ခဒိန်နှင့် တူညီစွာ ၁၂ လ ပိုင်းခြားသတ်မှတ်ထားသည်။ မြန်မာတို့၏ ၁၂ လ လအမည်မှာ တန်ခူး၊ ကဆုန်၊ နယုန်၊ ဝါဆို၊ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပို့တွဲ၊ တပေါင်းဟူ၍ဖြစ်သည်။

လတစ်လတွင် လဆန်း ၁ ရက်နေ့မှ လပြည့် ၁၅ ရက်၊ လဆုတ် ၁ ရက်နေ့မှ လကွယ် ၁၅ ရက် (သို့မဟုတ်) ၁၄ ရက်ထား၍ ရေတွက်သည်။ ထို့ကြောင့် ၁ လလျှင် ရက် ၃၀ (သို့မဟုတ်) ၂၉ ရက်ဟု သတ်မှတ်သည်။

မြန်မာတို့သည် ပြက္ခဒိန်စတင်ရေးဆွဲခဲ့ရာတွင် တစ်လလျှင် ရက်သတ္တပတ် လေးပတ်ထားခဲ့သည်။ လပြည့်၊ လကွယ် ရက်သတ္တပတ် နှစ်ပတ် မျှဝေခဲ့ပြီး လကွယ် ရက်သတ္တပတ်လျှင် ၁၅ ရက် သို့မဟုတ် ၁၄ ရက်စီရှိသည်။ ၇ ရက်နေ့အတွက် မြန်မာအမည် အသီးသီး ပေးထား၏။ ရက်သတ္တပတ် ၇ ရက်တွင် တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေဟု အစဉ်အလိုက် အမည်ပေးခေါ်ဝေါ်ခဲ့ပြီး ၎င်းရက်အစဉ်အတိုင်း တစ်ရက်ပြီးတစ်ရက် ဆက်လက်ရေတွက်ခဲ့သည်။ ရက်ငင်ရက်ထပ် လထပ်ခြင်းကြောင့် နေ့အမည်မပြောင်းလဲခဲ့။ လ၊ နေ့အမည် အစဉ်အတိုင်းသာ ရေတွက်ခဲ့ခြင်းမှာ နှစ်ပေါင်းများစွာမှ ယနေ့အထိ ခိုင်မာစွာ ရပ်တည်လျက်ရှိပါသည်။

**မြန်မာပြက္ခဒိန်**

မြန်မာပြက္ခဒိန်များသည် မြန်မာနှစ်သစ်ကူးအစ တန်ခူးလကို အဖွင့်စာမျက်နှာတင်၍ ရိုက်နှိပ်ထုတ်ဝေခြင်း မပြုပါ။ ကမ္ဘာသုံးပြက္ခဒိန် အင်္ဂလိပ်ခုနှစ်နှင့် ဇန်နဝါရီလကိုသာ အဖွင့်စာမျက်နှာ၌ ဖော်ပြသည်။ ယင်းသို့ဖော်ပြရာတွင် ဇန်နဝါရီလဆန်း ၁ ရက်နေ့မှစ၍ ရောက်ဆဲ မြန်မာ ခုနှစ် လ၊ ရက်၊ နေ့တို့ကို ယှဉ်တွဲဖော်ပြသည်။

မြန်မာပြက္ခဒိန်တွင် နှောင်းတန်ခူးလဆန်း ၁၂ ရက် (စနေ)နေ့မှ ကဆုန်လဆန်း ၁၂ ရက် (တနင်္ဂနွေ) နေ့အထိ ပြသည်။ အင်္ဂလိပ်ပြက္ခဒိန်၌ ဧပြီ ၁ ရက် (စနေ)နေ့မှ ၃၀ ရက် (တနင်္ဂနွေ) တို့ ယှဉ်တွဲဖော်ပြထားသည်။ မြန်မာ့အထိမ်းအမှတ် နေ့ကြီးရက်ကြီးများ၊ ရုံးပိတ်ရက်များ၊ ရက်ရာဇာ၊ ပြဿဒါး၊ နဂါးခေါင်းလှည့်နှင့် ဝါရမိတ္တုရက်၊ သင်္ကြန်အခါတော်ရက်များကိုပါ ပြဆိုထားသည်။ နှစ်ဆန်း ၁ ရက်နေ့မှာ သင်္ကြန်အတက်နေ့နောက်နေ့ကို ယူထားပြီး ဦးတန်ခူးလပြည့်ကျော် ၁၃ ရက်ဟု သတ်မှတ်ကာ နှစ်ဆန်း ၁ ရက်နေ့ဟု ခေါ်ဝေါ်၍ ၁၃၈၅ ခုနှစ်ဟု သတ်မှတ်သည်။

**ဝါကြီးဝါထပ်ပြဆိုချက်**

အင်္ဂလိပ်ပြက္ခဒိန်တွင် ကမ္ဘာမြေကြီးက နေကိုလှည့်ပတ်ရာ၌ ၃၆၅ ရက် ၆နာရီ ၁၂ မိနစ် ၃၇ စက္ကန့်ကြာသည်။ အင်္ဂလိပ်ပြက္ခဒိန်တွင် တစ်နှစ်ကို ၃၆၅ ရက်သာ သတ်မှတ်ထားရှိသောကြောင့် ၆ နာရီ ၁၂ မိနစ် ၃၇ စက္ကန့်အစွန်းထွက်ခြင်းကို ၁၂ လအလိုက် တစ်လစီ ရက် ၃၀ နှင့် ၃၁ ရက်ဟူ၍ အစဉ်လိုက်ယူသည်။ သို့သော် ဇူလိုင်လနှင့် ဩဂုတ်လကို ၃၁ ရက်စီထားရှိသည်။ ထို့အပြင် လေးနှစ်တစ်ကြိမ် ၁ ရက်တိုး၍ ဖေဖော်ဝါရီတွင် ၂၈ ရက်အစား ၂၉ ရက်တိုး၍ ပြဆိုခြင်းဖြင့် ရက်ငင်ရက်ကွာခြားချက်ကို ညှိထိန်း၍ သတ်မှတ်သည်။

မြန်မာရက်လနှစ်ကို သတ်မှတ်ရာတွင် နေကိုအခြေခံ မသတ်မှတ်ဘဲ လကို အခြေပြုသတ်မှတ်သည်။ ထို့ကြောင့် လဆန်း(လပြည့်နေ့)၊ လဆုတ်(လကွယ်နေ့)ဟု သတ်မှတ်သည်။ လသည် ကမ္ဘာကို လှည့်ရာ၌ တစ်ပတ်ပြည့်ရန် ၂၉ ရက် ၁၂ နာရီ ၄၇ မိနစ် ၃၀ စက္ကန့်ကြာမြင့်သည်။ ထို့ကြောင့် တစ်လကို ၂၉ ရက်တစ်ခါ ၃၀ ရက်တစ်ခါ (၆)လစီထားသဖြင့် တစ်နှစ်တွင် ၃၅၄ ရက်သာရှိသည်။ ကမ္ဘာတစ်ပတ်ပြည့်ရန် တစ်နှစ်တွင် ၁၁ ရက်လိုနေပြီး အင်္ဂလိပ်ပြက္ခဒိန်ထက် ၁၁ ရက် နောက်ကျနေ၏။ ထို့ကြောင့် မြန်မာပြက္ခဒိန်တွင် ဝါထပ်ပေးခြင်းဖြင့် အင်္ဂလိပ်-မြန်မာ ရက်ငင်များကို ရှစ်နှစ် တစ်ကြိမ် တွက်ချက်၍ ညှိရန်ဆောင်ရွက်ရ၏။

အင်္ဂလိပ်ပြက္ခဒိန်တွင် လေးနှစ်လျှင် တစ်ရက်တိုး၍ ရှစ်နှစ်နေလျှင် နှစ်ရက်တိုးသည်။ မြန်မာက အင်္ဂလိပ်တစ်နှစ်ပြည့်ရန်(သို့မဟုတ်) ကမ္ဘာတစ်ပတ်ပြည့်ရန် တစ်နှစ်လျှင် ၁၁ ရက်လိုသဖြင့် ရှစ်နှစ်ဆိုလျှင် ၈၈ ရက်လို၏။ အင်္ဂလိပ်ရက်ငင် ၂ ရက်ဖြင့် ပေါင်းသော်ရက်ပေါင်း ၉၀ ကွာဟနေသည်။

ထိုလိုသော ရက် ၉၀ ပြည့်အောင် ရှစ်နှစ်လျှင် ဝါသုံးကြိမ်ထပ်ပေးရန် လိုအပ်သည်။ ထို့ကြောင့် သုံးနှစ်တစ်ကြိမ် ဝါနှစ်ခါထပ်ပြီး နှစ်နှစ်တစ်ကြိမ် ဝါတစ်ခါ ထပ်ပေးရသည်။

သင်္ကြန်ရက်သည် တန်ခူးလတွင်သာထားရသည်။ ကဆုန်လထဲတွင် သင်္ကြန်တစ်ရက်နှစ်ရက် ရောက်သွားမည်ဆိုပါက လက်ခံသည်။ သို့သော် တပေါင်းလမှာကား သင်္ကြန်ရက် လုံးဝထားရှိ၍ မရပေ။ ထို့ကြောင့် သင်္ကြန်ရက်သည် တပေါင်းလထဲသို့ ရောက်သွားမည်ဖြစ်၍ ၎င်းနှစ်တွင် ဝါထပ်ပေးရသည်။

**(က) ဝါကြီးထပ်၊ ဝါလေးထပ်**

နယုန်လသည် ပုံမှန်အားဖြင့် ၂၉ ရက်သာရှိ၏။ ဝါထပ်သည့်နှစ်တွင် နယုန်လ၌ ၂၉ ရက်ထားလျှင် ဝါလေးထပ်၊ နယုန်လတွင် ၃၀ ရက်ထားလျှင် ဝါကြီးထပ်ဟု ခေါ်သည်။

ထိုသို့ဝါကြီးထပ်နှစ်တွင် နယုန်လကို ရက် ၃၀ ထားရခြင်းမှာ လ-က ကမ္ဘာလှည့်ပတ်ရာတွင် တစ်ပတ်ပြည့်ရန် ၂၉ ရက် ၁၂ နာရီ ၄၇ မိနစ် ၃ စက္ကန့်ကြာသောကြောင့် အစွန်းမိနစ်၊ စက္ကန့်များသည် လချီ၊ နှစ်ချီ၍ကြာလျှင် တစ်ရက်တိုးသွားသည်။ ထိုသို့ ရက်တိုးသွားခြင်းကို အစားထိုးရန် နယုန်လကို ရက်၃၀ အပြည့်ထား၍ ဝါထပ်ပေးခြင်းကို ဝါကြီးထပ်ဟုခေါ်သည်။ အကယ်၍ တစ်ရက်တိုး၍ ဝါကြီးထပ်လုပ်မပေးနိုင်လျှင် နှစ်ကြာလာသောအခါ လပြည့်၊ လကွယ် တွက်ချက်မှုများ မှားယွင်းသွားနိုင်သဖြင့် မဖြစ်မနေလုပ်ရခြင်းဖြစ်ပေသည်။ ။

**ရည်ညွှန်းကျမ်းများ**


- **စာပေဗိမာန်**
- **မြန်မာ့စွယ်စုံကျမ်းအတွဲ(၆) (၁၃)**
- **လမ်းစဉ်ပါတီ**
- **အခြေပြုမြန်မာ့နိုင်ငံရေးသမိုင်း**
- **မန်လည်ဆရာတော်**
- **မဃဒေဝလင်္ကာကျမ်း**
- **မှန်နန်းမဟာရာဇဝင်တော်ကြီး**




## အင်ဘက်တော - ညောင်တန်းလမ်း မြေသားတာပေါင်ချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

**သရက် ဇူလိုင် ၂၂**

သရက်ခရိုင် ကံမမြို့နယ်ရှိ အင်ဘက်တော - ညောင်တန်းလမ်း (၁/၅)မိုင်တွင် မြေသားတာပေါင်ချဲ့ခြင်းလုပ်ငန်းနှင့် မြေနီခင်းခြင်း အကျယ် ၁၈ ပေ နှင့် ၈ လက်မထု ခင်းကြိတ်ခြင်းလုပ်ငန်းများကို ရာနှုန်းပြည့် ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

ယင်းလမ်းပိုင်းကို ကံမမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေ ၆၁ ဒသမ ၇၅ သန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လမ်းပိုင်းအဆင့်မြှင့်တင်နိုင်ခဲ့သည့်အတွက် ယင်းလမ်းကို အသုံးပြု၍ ကျေးရွာလေးရွာမှ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များအတွက် အမြန်ဆုံးဆက်သွယ်သွားလာနိုင်မည် ဖြစ်သည့်အပြင် ကျေးလက်ဒေသ ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်နှင့် မြို့ပြကွာဟမှု လျှော့ချနိုင်ရေးကိုပါ အထောက်အကူပြုနိုင်မည် ဖြစ်သည်။

၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံရှိ ကျေးရွာများအားလုံး၏ ၈၀ ရာခိုင်နှုန်းနှင့် နိုင်ငံတွင်းရှိ ကျေးလက်လူဦးရေ၏ ၉၀ ရာခိုင်နှုန်းကို ရာသီမရွေးသွားလာနိုင်သော ကျေးလက်လမ်းများအဖြစ် အသုံးပြုနိုင်ရန် ရေးဆွဲထားသည့် ကျေးလက်လမ်းဖွံ့ဖြိုးရေး မဟာဗျူဟာအရ နှစ်စဉ်အဆင့်မြှင့်တင်နိုင်ရေးအတွက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**ဇော်ဘီ**

# နေ့ချင်းပြန် အပန်းဖြေခရီးသွားနိုင်မည့် ငလိုက်ဆင်စခန်းနဲ့ ငလိုက်ကမ်းသာ Eco Resort

*ယဉ်လာဒ်၊ ဓာတ်ပုံ-ကျော်ကြီး*



ငလိုက်ဆင်စခန်းအဝင်မုခ်ဦး။

**ဆည်ပတ်လည် စက်ဘီးစီးမလား၊ ငါးမျှားမလား၊ ဆည်အတွင်း လှေစီးပြီးလေညင်းခံလို့လည်း ရပါသေးတယ်။ လှေအသေး (ခြောက်ယောက်စီး)ကို ၂၅၀၀၀ နဲ့ အကြီး(အမိုးပါလှေ) ၁၅ ယောက်စီးကို ၃၅၀၀၀ နဲ့ စီးလို့ရပါတယ်လို့ ဟိုတယ်က တာဝန်ရှိသူတစ်ဦးက ဆိုပါတယ်။ ဒါ့အပြင် အမိုးနဲ့ ဖောင်လိုလုပ်ထားတဲ့ လှေအကြီးပေါ်မှာ စားသောက်ရင်းအနားယူပြီး ဆင်စခန်းဆီကို သွားရောက်လေ့လာနိုင်ပါသေးတယ်။ ငလိုက်ဆင်စခန်းမှာ ဆင်အစာကျွေး၊ ဆင်စီးပြီး ဆင်ပြတိုက်များကိုလည်း လည်ပတ်လေ့လာနိုင်ပါတယ်။ ငလိုက်ဆင်စခန်းမှာရှိတဲ့ အရှည်ဆုံးကျွန်းတံတားဆီကို Trekking သွားလို့ရပါသေးတယ်**

**စ**နေ၊ တနင်္ဂနွေပိတ်ရက်တွေမှာ မြို့ပြမှာနေသူတွေအနေနဲ့ ချစ်ခင်ရတဲ့သူတွေနဲ့အတူ နေ့ချင်းပြန် Stress Out Trip လေးလုပ်လို့ရတဲ့ ခရီးစဉ်နေရာလေးတစ်ခုအကြောင်း ဒီတစ်ပတ်မှာ ပြောပြပေးချင်ပါတယ်။

ရန်ကုန်နဲ့မဝေးလှတဲ့ မိုင်တိုင်၂၁၅ မိုင် ၅ ဖာလုံအကွာမှာတည်ရှိပြီး ဆည်ရေပြင်ကျယ်ကြီးကို အမှီပြုဖွင့်လှစ်ထားတဲ့ ငလိုက်ဆင်စခန်းနဲ့ Nga Laik Kan Tha Eco Resort လေးအကြောင်းကို ခရီးသွားချစ်သူတွေအတွက် ဖော်ပြပေးချင်ပါတယ်။

ရန်ကုန်ကနေ မနက် ၄ နာရီလောက် ကားစီးလာရင် မနက်၉ နာရီဝန်းကျင်လောက်မှာ ရောက်နိုင်ပြီး တစ်နေ့တာအချိန်ပေး လည်ပတ်လို့ရတဲ့ နေရာလေးတစ်ခုဖြစ်ပါတယ်။ ၂၁၅ မိုင် ၅ ဖာလုံရောက်တာနဲ့ ဟိုတယ်ရှေ့နဲ့ဆင်စခန်းကို တိုက်ရိုက်ရောက်တာမို့ သွားလာရ အဆင်ပြေလွယ်ကူပါတယ်။

ဧက ၈၀ ကျော်ကျယ်ဝန်းတဲ့ ငလိုက်ဆည်ကြီးကိုအမှီပြုပြီး သဘာဝနဲ့ ဟန်ချက်ညီစွာတည်ရှိတဲ့ အိုအေစစ်လေးတစ်ခုလို့ ဆိုရနိုင်ပါတယ်။

**activities မျိုးစုံလုပ်လို့ရ**

မိသားစုလိုက်ပဲဖြစ်ဖြစ် သူငယ်ချင်းတွေနဲ့သာမက ပိတ်ရက်လေးမှာ ပျော်ရွှင်စွာအပန်းဖြေနိုင်သလို activities မျိုးစုံလုပ်လို့ရနိုင်တဲ့ နေရာလေးတစ်ခုဆိုရင်လည်း မမှားပါဘူး။

ဟိုတယ်ကိုတော့ နှစ် ၆၀ ဝန်းကျင်ရှိ ရှေးမြန်မာလက်ရာများနဲ့ တည်ဆောက်ထားပြီး မြင်ရခဲတဲ့ ကျွန်းအိမ်လုံးတွေကို ရှေးမူမပျက်လက်ရာအတိုင်း တွေ့မြင်ရမှာဖြစ်ပါတယ်။ ဒါ့အပြင် တစ်နေရာတည်းမှာ activities မျိုးစုံကို လုပ်လို့ရတာက တစ်ပန်းသာပါတယ်။

ဆည်ပတ်လည် စက်ဘီးစီးမလား၊ ငါးမျှားမလား၊ ဆည်အတွင်း လှေစီးပြီးလေညင်းခံလို့လည်း ရပါသေးတယ်။ လှေအသေး (ခြောက်ယောက်စီး) ကို ၂၅၀၀၀ နဲ့ အကြီး(အမိုးပါလှေ) ၁၅ ယောက်စီးကို ၃၅၀၀၀ နဲ့ စီးလို့ရပါတယ်လို့ ဟိုတယ်က တာဝန်ရှိသူတစ်ဦးက ဆိုပါတယ်။ ဒါ့အပြင် အမိုးနဲ့ ဖောင်လိုလုပ်ထားတဲ့လှေအကြီးပေါ်မှာ စားသောက်ရင်းအနားယူပြီး ဆင်စခန်းဆီကို သွားရောက်လေ့လာနိုင်ပါသေးတယ်။

**ငလိုက်ဆင်စခန်းနဲ့ဆင်ပြတိုက်**

ငလိုက်ဆင်စခန်းမှာ ဆင်အစာကျွေး၊ ဆင်စီးပြီး ဆင်ပြတိုက်များကိုလည်း လည်ပတ်လေ့လာနိုင်ပါတယ်။ ငလိုက်ဆင်စခန်းမှာရှိတဲ့ အရှည်ဆုံးကျွန်းတံတားဆီကို Trekking သွားလို့ရပါသေးတယ်။

ငလိုက်ဆင်စခန်းကို ၂၀၁၇ ခုနှစ်မှာ စတင်ဖွင့်လှစ်ခဲ့တာမို့ အခုဆိုရင် ဆင်အကောင်ရေ ၂၁ ကောင်ရှိနေပါပြီ။ ဝင်ကြေးအနေနဲ့ မြန်မာနိုင်ငံသား တစ်ဦးကို ၂၀၀၀ ကျပ်နဲ့ နိုင်ငံခြားသားတစ်ဦးကို ၁၀၀၀၀ ကောက်ခံတယ်လို့ သိရပါတယ်။ ရဟန်းသံဃာနဲ့ ငါးနှစ်အောက် ကလေးတွေကိုတော့ ဝင်ကြေးအခမဲ့ သတ်မှတ်ပေးထားပါတယ်လို့ ငလိုက်ဆင်စခန်းမှ ဒုတာဝန်ခံ ဦးညီညီလွင်က စာရေးသူကို ပြောပြပါတယ်။ ဆင်စီးခကတော့ မြန်မာတစ်ဦးကို ၃၀၀၀ ကျပ်နဲ့စီးနိုင်ပြီး နိုင်ငံခြားသားတစ်ဦးကိုတော့ ၁၀၀၀၀ ကျပ် သတ်မှတ်ထားပါတယ်။

ဆင်စခန်းထဲမှာ မြန်မာပြည်ရဲ့ အရှည်ဆုံးကျွန်းတံတားလည်းရှိတဲ့အပြင် ဆင်အရိုးစု၊ ဆင်အသုံးအဆောင်၊ ဆင်အခေါ်အဝေါ်တွေကို လေ့လာနိုင်တဲ့ ဆင်ပြတိုက်ကိုလည်း ကြည့်ရှုနိုင်ပါတယ်။ ဒါ့အပြင် လျှိုကိုဖြတ်ပြီးဆောက်လုပ်ထားတဲ့ ကြိုးတံတားအပါအဝင် ထင်းရှူးတောအုပ်ငယ်လည်း ရှိတာမို့ ဓာတ်ပုံရိုက်ဝါသနာပါသူတွေအတွက် ဓာတ်ဖမ်းနိုင်တဲ့နေရာတစ်ခုလည်း ဖြစ်ပါတယ်။

**နေ့ချင်းပြန်လည်ပတ်လို့ရနိုင်**

ရန်ကုန်ကဖြစ်ဖြစ်၊ မန္တလေးကဖြစ်ဖြစ် လမ်းတစ်ဝက်မှာရှိတာမို့ အဆင်ပြေစေနိုင်ရုံသာမက နေပြည်တော်ကနေလာရင်လည်း အမြန်လမ်းမိုင်တိုင် ၂၁၅ မှာရှိတာမို့ နေ့ချင်းပြန် လည်ပတ်လို့ရနိုင်တဲ့ နေရာတစ်ခုဖြစ်ပါတယ်။ နေပြည်တော်အတွင်းက သွားမယ်ဆိုရင် မြို့မဈေးကနေ တောင်ညိုလမ်းအတိုင်း ငလိုက်ဆည်အထိတည့်တည့် ၁၅ မိနစ်လောက် မောင်းရုံနဲ့ရောက်တာမို့ ရန်ကုန်ကပဲဖြစ်ဖြစ်၊ နေပြည်တော်ကပဲဖြစ်ဖြစ်၊ မန္တလေးလေးကပဲဖြစ်ဖြစ် သွားလာရလွယ်ကူပြီး အချက်အချာကျတဲ့နေရာလေးမှာ တည်ရှိတာ၊ တစ်နေရာတည်းမှာ အပန်းလည်းဖြေ ဗဟုသုတလည်းရနိုင်ပြီး စိတ်ဖိစီးမှုတွေကို ဖြေလျှော့နိုင်တာကြောင့် ငလိုက်ကမ်းသာ Eco Resort လေးနဲ့ ငလိုက်ဆင်စခန်းကို ပိတ်ရက်မှာ သွားရောက်လည်ပတ်နိုင်စေဖို့ ရေးသားဖော်ပြပေးလိုက်ပါတယ်။ ။





ငလိုက်ဆင်စခန်း၌ ဆင်များကို အစာကျွေးနေသူများ(အပေါ်ပုံ)။
ငလိုက်ဆင်စခန်းမှ မြန်မာနိုင်ငံ၏ အရှည်ဆုံးကျွန်းတံတား(ဝဲပုံ)။

# စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဇူလိုင် ၁၅ ရက်မှ ၁၈ ရက်အထိ ကုန်သွယ်ရေးဆောင်ရွက်နိုင်မှုအခြေအနေ

**မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်နိုင်ရေးအတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ရခိုင်ပြည်နယ် စစ်တွေကုန်သွယ်ရေးစခန်းနှင့် မောင်တောကုန်သွယ်ရေးစခန်းတို့ ဖွင့်လှစ်၍ နယ်စပ်မှတစ်ဆင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။**



တစ်ဖက်နိုင်ငံသို့တင်ပို့မည့် ချင်းအစို၊ မန်ကျည်းစေ့နှင့် ဆီးဖတ်များ တင်ဆောင်သည့်လှေအား စစ်ဆေးနေစဉ်။

စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဇူလိုင် ၁၅ ရက်မှ ၁၈ ရက်အထိ အကောက်ခွန်ဦးစီးဌာန၏ အမှန်တင်ပို့/တင်သွင်း စာရင်းများအရ ပို့ကုန်ဒေါ်လာ ၀ ဒသမ ၀၂၆၅ သန်း ဆောင်ရွက်နိုင်ခဲ့သည်။ သွင်းကုန်ဆောင်ရွက်နိုင်မှုမရှိကြောင်း သိရသည်။

တင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများအနေဖြင့် မန်ကျည်းစေ့ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၀၀ နှုန်းဖြင့် တန် ၅၀ (တန်ဖိုး ၀ ဒသမ ၀၀၅၀ ဒေါ်လာ)၊ ဆီးဖတ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၁၅ နှုန်းဖြင့် ၄၆ တန်(တန်ဖိုး ၀ ဒသမ ၀၀၅၃ ဒေါ်လာ)နှင့် ချင်းအစို တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၅၀ နှုန်းဖြင့် ၃၆ တန်(တန်ဖိုး ၀ ဒသမ ၀၁၆၂ ဒေါ်လာ)တို့ကို တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ ငွေလဲနှုန်းအနေဖြင့် ၁ ဒေါ်လာလျှင် ၁၁၅ ဒသမ ၅ တာကာနှင့် ၁ တာကာလျှင် ၂၆ ဒသမ ၅ ကျပ်ဖြစ်ကြောင်း သိရသည်။

ကုန်ပစ္စည်းသယ်ယူစရိတ် ရန်ကုန်-စစ်တွေကားခမှာ ကုန်ကျစ် တစ်ပိဿာ ကျပ် ၃၅၀ နှင့် ကုန်ပွ တစ်ပိဿာလျှင် ကျပ် ၄၀၀-၄၅၀ ရှိကြောင်း သိရသည်။ စစ်တွေ-တက္ကနဖ် သင်္ဘောတင်ခမှာ တစ်ပိဿာလျှင် ကုန်ကျစ် ကျပ် ၁၁၀ ခန့်နှင့် ကုန်ပွ ကျပ် ၁၂၀ ခန့်ရှိကြောင်း သိရသည်။

ရန်ကုန်-စစ်တွေ ကားလမ်းမှာ လမ်းတံတားခံနိုင်ဝန်အရ ၂၂ ဘီး ကုန်ကားကြီးများ သွားလာနိုင်မှုမရှိဘဲ ၁၂ ဘီးနှင့် ခြောက်ဘီးယာဉ်များသာ သွားလာနိုင်ကြောင်း သိရသည်။ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ရေမိုင် ၇၀ ခန့် ကွာဝေးသော်လည်း ကုန်သွယ်မှုလမ်းကြောင်း အခြေအနေမှာ မိုးရာသီကာလအတွင်း ပင်လယ်ပြင် ရာသီဥတုအခြေအနေပေါ် မူတည်၍ ကုန်တင်လှေများ သွားလာလျက်ရှိသည်။

**ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်၏**
**ဇူလိုင် ၁၅ ရက်မှ ၁၈ ရက်အတွင်း ကုန်စည်ပေါက်ဈေး**

ဇူလိုင် ၁၅ ရက်မှ ၁၈ ရက်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ခာတ်မြေဩဇာပေါက်ဈေးမှာ တစ်တန်လျှင် ၉၄၃၃၉ ဒသမ ၆၂တာကာ၊ ဘိလပ်မြေ တစ်တန်လျှင် ၁၀၅၆၆ ဒသမ ၀၄ တာကာ၊ ခာတ်ဆီ-၉၅ တစ်ဂါလန်လျှင် ၃၆၉ ဒသမ ၀၆ တာကာ၊ ခာတ်ဆီ-၉၂ တစ်ဂါလန်လျှင် ၃၅၁ ဒသမ ၄၃ တာကာ၊ ဒီဇယ်(ရိုးရိုး) တစ်ဂါလန်လျှင် ၃၆၀ ဒသမ ၆၈ တာကာ၊ ဒီဇယ်(ပရီမီယမ်) တစ်ဂါလန်လျှင် ၃၇၄ ဒသမ ၁၅ တာကာ နှင့် သံချောင်း တစ်တန်လျှင် ၆၆၀၃၇ ဒသမ ၇၄ တာကာ ဈေးရှိကြောင်း သိရသည်။ အဆိုပါနေ့ရက်အတွင်း ငွေလဲနှုန်းမှာ တစ်တာကာလျှင် ၂၆ ဒသမ ၅ ကျပ်ဖြစ်ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၎င်းတို့နိုင်ငံ၏ လယ်ယာလုပ်ငန်းလုပ်ကိုင်သူများအတွက် အဓိကထားထုတ်လုပ်လျက်ရှိသည့် ခာတ်မြေဩဇာတင်ပို့မှုကို တင်းကျပ်စွာ တားဆီးပိတ်ပင်လျက်ရှိကြောင်း ကုန်သည်လုပ်ငန်းရှင်များထံမှ သိရသည်။





## ဇူလိုင်လတွင် ကြက်သွန်နီ၊ ကြက်သွန်ဖြူ အရောင်းအဝယ်ဖြစ်

မကွေးတိုင်းဒေသကြီး ပခုက္ကူကြက်သွန်နီ ကုန်စည်ဒိုင်၌ ဇူလိုင်လပထမပတ်တွင် ကြက်သွန်နီစိုက်ပျိုးရာ ဒေသများဖြစ်ကြသော ပေါက်၊ ဆိပ်ဖြူ၊ ရေပြာ၊ ကမ္မ၊ ရေစကြိုနှင့် ပခုက္ကူကျွန်းများမှ ဆောင်းစိုက်(ပင်စိုက်)ကြက်သွန်နီများ အရောင်းအဝယ် ဖြစ်လျက်ရှိသည့်အပြင် အခြားဒေသများဖြစ်သော ပုလဲ၊ မြင်းခြံမြို့၊ တောင်သာနယ်၊ ညောင်ဦးနယ်တို့မှ ဆောင်းစိုက်(ပင်စိုက်) ကြက်သွန်နီများ အပြင် ကြက်သွန်ဖြူများလည်း ဝင်ရောက် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ပခုက္ကူကြက်သွန်နီ ကုန်စည်ဒိုင်၏ ကြက်သွန်နီနှင့် ကြက်သွန်ဖြူ ဒိုင်ပြတ်ဈေးမှာ ပေါက်နယ်(ယောစ) ထိပ်စ တစ်ပိဿာလျှင် ငွေကျပ် ၁၉၀၀၊ အလတ်စ တစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀၊ အနိမ့်စ တစ်ပိဿာလျှင် ငွေကျပ် ၁၆၅၀၊ ပုလဲ ကြက်သွန်နီထိပ်စ တစ်ပိဿာလျှင် ငွေကျပ် ၁၈၇၅၊ အလတ်စတစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၊ အနိမ့်စတစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀ ဖြင့် ကုန်ချိန်ပိဿာ ၅၀၀၀၀ မှ ၁၀၀၀၀၀ ကျော် နေ့စဉ် အရောင်းအဝယ်ဖြစ်နေပြီး တင်ပို့မှုအနေဖြင့် ရန်ကုန်ဘုရင့်နောင်၊ တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့သို့ တင်ပို့နေကြောင်း ကုန်သည်များထံမှ သိရသည်။

**အရောင်းအဝယ်ဖြစ်**

ကြက်သွန်ဖြူ(ဗမာ) ဒိုင်ပြတ် လက်ကားဈေးမှာ အရည်အသွေးပေါ်မူတည်၍ ထိပ်စတစ်ပိဿာလျှင် ငွေကျပ် ၈၂၀၀၊ အလတ်စတစ်ပိဿာလျှင် ငွေကျပ် ၇၄၀၀၊ အနိမ့်စတစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ ဖြစ်ပြီး ကြက်သွန်ဖြူ(ရှမ်းစ) ထိပ်စတစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀၊ အလတ်စတစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ နှင့် အနိမ့်စတစ်ပိဿာလျှင် ငွေကျပ် ၆၅၀၀ ဖြင့် ဥပုသ်နေ့မှလွဲ၍ ကျန်ရက်များတွင် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

DOCA (မကွေး)

## မြိတ်ကုန်သွယ်ရေးစခန်းမှ ပို့ကုန်တင်ပို့နိုင်မှုအခြေအနေ

မြိတ်ကုန်သွယ်ရေးစခန်းမှ ဇူလိုင် ၁၇ ရက်မှ ဇူလိုင် ၁၈ ရက်အတွင်း ငါးမှုန့်တစ်တန်လျှင် ၉၀၂ ဒေါ်လာနှုန်းဖြင့် တန် ၅၅၀(တန်ဖိုး ၀ ဒသမ ၄၉၆ ဒေါ်လာသန်း)၊ ငါးမျိုးစုံ တစ်တန်လျှင် ၁၂၀၉ ဒေါ်လာနှုန်းဖြင့် ၇၉ ဒသမ ၄၇၅ တန် (တန်ဖိုး ၀ ဒသမ ၀၉၆ ဒေါ်လာသန်း)၊ ကင်းမွန်တစ်တန်လျှင် ဒေါ်လာ ၃၄၁၀ နှုန်းဖြင့် ၅ ဒသမ ၆၉၅ တန် (တန်ဖိုး ၀ ဒသမ ၀၂၀ ဒေါ်လာသန်း)၊ ကဏန်းတစ်တန်လျှင် ဒေါ်လာ ၃၈၉၀ နှုန်းဖြင့် ၁ ဒသမ ၂၇၅ တန် (တန်ဖိုး ၀ ဒသမ ၀၀၅ ဒေါ်လာသန်း)၊ ပုစွန်တစ်တန်လျှင် ဒေါ်လာ ၅၅၀၀ နှုန်းဖြင့် ၁ ဒသမ ၉၅၀ တန် (တန်ဖိုး ၀ ဒသမ ၀၁၁ ဒေါ်လာသန်း) စုစုပေါင်း ပို့ကုန်တန်ဖိုး ၀ ဒသမ ၆၂၈ ဒေါ်လာသန်း၊ ငါးမှုန့်အား အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် Form D အကျိုးခံစားခွင့် လျှောက်ထားရယူ၍ ထိုင်းနိုင်ငံသို့ ကားလမ်းကြောင်းဖြင့် မောတောင်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် ပရာကျွတ်ကရီခမ်ခရိုင်သို့ တင်ပို့နိုင်ခဲ့ပါသည်။ မြိတ်ကုန်သွယ်ရေးစခန်းမှ မောတောင်ကုန်သွယ်ရေးစခန်းအထိ ကုန်တစ်တန်လျှင်ကားခ (ကုန်ကျစ်) ကျပ်တစ်သိန်းရှိကြောင်း သိရှိရပြီး ကုန်သွယ်မှု လမ်းကြောင်းအနေဖြင့် မြိတ်- ထားဝယ်- ရန်ကုန်လမ်းကြောင်း ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**သွင်းကုန်တင်သွင်းနိုင်မှုအခြေအနေ**

မြိတ်ကုန်သွယ်ရေးစခန်းမှ ဇူလိုင် ၁၇ ရက်မှ ဇူလိုင်၁၈ ရက်အတွင်း သွင်းကုန်တင်သွင်းမှုအခြေအနေတွင် တနင်္သာရီတိုင်းဒေသကြီးအတွင်း သုံးစွဲရန်လိုအပ်သည့် စက်သုံးဆီအား ထိုင်းနိုင်ငံရေလမ်းကြောင်းမှ တင်သွင်းလျက်ရှိရာ ဒီဇယ်ဆီတစ်တန်လျှင် ၈၁၇ ဒသမ ၅ ဒေါ်လာနှုန်းဖြင့် တန် ၆၀၀ (တန်ဖိုး ၀ ဒသမ ၄၉၀ ဒေါ်လာသန်း)၊ ခာတ်ဆီတစ်တန်လျှင် ၈၉၈ ဒသမ ၅၂ ဒေါ်လာနှုန်းဖြင့် တန် ၇၅၀(တန်ဖိုး ၀ ဒသမ ၆၇၄ ဒေါ်လာသန်း)၊ ရင်းနှီးပစ္စည်း ၃၅ တန် (တန်ဖိုး ၀ ဒသမ ၀၂၅ ဒေါ်လာသန်း) စုစုပေါင်းသွင်းကုန်တန်ဖိုး ၁ ဒသမ ၁၈၉ ဒေါ်လာသန်း တင်သွင်းနိုင်ခဲ့သည်။ မြိတ်ဒေသတွင် ခာတ်ဆီတစ်လီတာ ၂၃၁၈ ကျပ်နှင့် ဒီဇယ်တစ်လီတာ ၂၂၉၅ ကျပ်ဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ ကျပ်/ဘတ်ငွေလဲနှုန်းမှာ တစ်ဘတ်လျှင် ၉၇ ဒသမ ၂ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

## ကံပိုင်တည်ကုန်သွယ်ရေးစခန်းမှ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ် ဇူလိုင်လ ၁၈ ရက်အထိ ကုန်သွယ်မှုအခြေအနေ

ကံပိုင်တည်ကုန်သွယ်ရေးစခန်းမှ ၂၀၂၃ ခုနှစ် ဇူလိုင်လ ကုန်သွယ်မှုလျာထားချက်မှာ ပို့ကုန် ဒေါ်လာနှစ်သန်းနှင့် သွင်းကုန် ဒေါ်လာတစ်သန်းဖြင့် စုစုပေါင်း ဒေါ်လာသုံးသန်းဖြစ်သည်။

ဇူလိုင် ၁၈ ရက်အထိ အမှန်ကုန်သွယ်မှုမှာ ပို့ကုန် ၁ ဒသမ ၂၁၂ ဒေါ်လာသန်း၊ သွင်းကုန် ၁ ဒသမ ၃၄၃ ဒေါ်လာသန်းဖြင့် စုစုပေါင်း ၂ ဒသမ ၅၅၅ ဒေါ်လာသန်းဖြစ်သဖြင့် ကုန်သွယ်မှုလျာထားချက်အပေါ် ၈၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်ပါသည်။

ဇူလိုင် ၁၈ ရက်အတွင်း ပို့ကုန်အမယ်များအနေဖြင့် တစ်သျှူးငှက်ပျောတင်ပို့နိုင်ခဲ့ပြီး သွင်းကုန်အမယ်များအနေဖြင့် လုပ်ငန်းသုံးပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန် အဝတ်အထည်များနှင့် သစ်သီးများ တင်သွင်းနိုင်ခဲ့သည်။

**ကုန်ပစ္စည်းအမယ်လိုက်**
**တင်ပို့/တင်သွင်းမှုအခြေအနေ**

ကံပိုင်တည်ကုန်သွယ်ရေးစခန်း၏ ၂၀၂၃ ခုနှစ် ဇူလိုင် ၁၈ ရက်အထိ ပို့ကုန်ပိုင်းတွင် အဓိကပို့ကုန်ဖြစ်သည့် တစ်သျှူးငှက်ပျောတင်ပို့မှုအနေဖြင့် ဈေးနှုန်း တစ်တန်လျှင် ၂၄၉၃ ယွမ်/ ၃၄၅ ဒသမ ၄၀ ဒေါ်လာတို့ဖြင့် တန်ချိန် ၅၁၇၃ တန်(တန်ဖိုး ၁၉၂၈၃၉၄ ဒေါ်လာ)နှင့် Iron Concentrate (Fe-64.512% / Fe-60.751%) ဈေးနှုန်းတစ်တန်လျှင် ၁၀၂/၈၃ ဒေါ်လာတို့ဖြင့် တန်ချိန် ၆၀၂ တန်(တန်ဖိုး ၅၃၇၆၆ ဒေါ်လာ) တင်ပို့နိုင်ခဲ့သည်။

အများဆုံး သွင်းကုန်ပစ္စည်းများအနေဖြင့် Compound Fertilizer (N:18%, P2O5:18%, K2O:18%) ဈေးနှုန်းတစ်တန်လျှင် ဒေါ်လာ ၃၅၀ ဖြင့် တန်ချိန် ၁၄၂၄ တန်(တန်ဖိုး ၄၉၅၆၄၁ ဒသမ ၁၃ ဒေါ်လာ)၊ Iron Rod ဈေးနှုန်း တစ်တန်လျှင် ၇၀၀ ဒေါ်လာဖြင့် တန်ချိန် ၄၉ ဒသမ ၈၀ တန်(တန်ဖိုး ၃၉၀၈၅ ဒေါ်လာ)၊ Iron Pipe ဈေးနှုန်း တစ်တန်လျှင် ၆၅၀ ဒေါ်လာဖြင့် တန်ချိန် ၁၄၈ ဒသမ ၀၀ တန် (တန်ဖိုး ၉၅၉၈၂ ဒသမ ၂၇ ဒေါ်လာ)၊ Galvanized Iron Sheet ဈေးနှုန်းတစ်တန်လျှင် ဒေါ်လာ ၇၀၀ ဖြင့် တန်ချိန် ၁၃၃ ဒသမ ၅၀၀ (တန်ဖိုး ၈၇၆၅၆ ဒေါ်လာ)၊ Iron Nail ဈေးနှုန်းတစ်တန်လျှင် ဒေါ်လာ ၆၆၀ ဖြင့် တန်ချိန် ၁၈၄ ဒသမ ၅၀၀ (တန်ဖိုး ၁၁၆၁၈၉ ဒသမ ၁၉ ဒေါ်လာ)၊ Artificial Grass ဈေးနှုန်းတစ်တန်လျှင် ဒေါ်လာ ၆၅၀ ဖြင့် တန်ချိန် ၁၉၁ ဒသမ ၃၀၀ (တန်ဖိုး ၁၁၆၉၀၆ ဒသမ ၉၄ ဒေါ်လာ)၊ Brand New Car Tyre (Size : 14.00 R 25) ဈေးနှုန်း တစ်လုံးလျှင် ဒေါ်လာ ၁၀၀ ဖြင့် အလုံး ၉၀ (တန်ဖိုး ဒေါ်လာ ၉၀၀၀)၊ Ceramic Tile Plain ဈေးနှုန်း (1 M2) လျှင် ၃ ဒသမ ၈ ဒေါ်လာဖြင့် ၉၁၅၀ M2 (တန်ဖိုး ၃၄၄၀၁ ဒသမ ၉၆ ဒေါ်လာ) တင်သွင်းနိုင်ခဲ့ပြီး အခြားရင်းနှီးမြှုပ်နှံမှုပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ (ပန်းသီး၊ လိမ္မော်သီးနှင့် အဝတ်အထည်များ) တင်သွင်းနိုင်လျက်ရှိသည်။

ကံပိုင်တည်ကုန်သွယ်ရေးစခန်း၌ အတက်အဆင်းကုန်များအတွက် အငှားယာဉ်ဖြင့် တင်ဆောင်ခြင်းမဟုတ်ဘဲ ငှက်ပျောတင်ယာဉ်နှင့် သွင်းကုန်ပစ္စည်းများအတွက် ကုန်ပစ္စည်းတင်ယာဉ်များသည် သက်ဆိုင်ရာ ကုမ္ပဏီပိုင်ယာဉ်များဖြင့်သာ တင်ပို့တင်သွင်းခြင်းဖြစ်သည်။

ကံပိုင်တည် - ဝိုင်းမော် - မြစ်ကြီးနား ကုန်သွယ်မှုလမ်းကြောင်း၌ တောင်ပြိုခြင်း၊ လမ်းပိတ်ဆို့ခြင်းများမရှိဘဲ ကုန်တင်ယာဉ်များ ပုံမှန်သွားလာလျက်ရှိသည်။

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# ငါးလုပ်ငန်းဦးစီးဌာန၊ဖွံ့ဖြိုးရေးနှင့်သုတေသနဌာနခွဲ၊ငါးလုပ်ငန်းသိပ္ပံ(တွံတေး)
# ငါးလုပ်ငန်းနှင့်ရေသတ္တဝါမွေးမြူရေးဒီပလိုမာ ပထမနှစ်သင်တန်းသားသစ်များခေါ်ယူခြင်း

၁။ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၌ ငါးလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေး ဒီပလိုမာသင်တန်းကို ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိ ငါးလုပ်ငန်းသိပ္ပံတွင် တက်ရောက်လိုသူများသည် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန/ငါးလုပ်ငန်းစခန်းများနှင့် ငါးလုပ်ငန်းသိပ္ပံ(တွံတေး) တို့တွင် လျှောက်ထားနိုင်သည်။

၂။ ဒီပလိုမာသင်တန်းသို့ တက်ရောက်ခွင့်ရရှိသူသည် (၃) နှစ်သင်တန်းတက်ရောက်ရမည်ဖြစ်ပါသည်။ ငါးလုပ်ငန်းနှင့်ရေသတ္တဝါမွေးမြူရေး ဒီပလိုမာသင်တန်းအောင်မြင်ပါက ငါးလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေး ဒီပလိုမာအောင်လက်မှတ် (Diploma in Fisheries and Aquaculture) ပေးအပ်မည်ဖြစ်ပါသည်။ ဒီပလိုမာသင်တန်းအောင်မြင်ပြီး သတ်မှတ်အရည်အချင်း ပြည့်မီသူများကို ရန်ကုန်တက္ကသိုလ်တွင် B.Sc( Fisheries and Aquaculture) သင်တန်းတက်ရောက်ရန် ဝင်ခွင့်ဖြေဆိုခွင့်ရရှိမည်ဖြစ်ပါသည်။

၃။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲကို သိပ္ပံဘာသာတွဲဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။
(ဂ) လျှောက်လွှာပိတ်ရက်(၃၀-၉-၂၀၂၃)ရက်နေ့တွင် အသက်(၂၂)နှစ်ထက် မကြီးသူဖြစ်ရမည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများပူးတွဲတင်ပြရမည် -

(က) တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ကြောင်း သက်ဆိုင်ရာ ကျောင်းအုပ်ကြီးထောက်ခံချက် (မူရင်း)
(ခ) တက္ကသိုလ်ဝင်စာမေးပွဲအမှတ်စာရင်း (မိတ္တူ) (ကျောင်းအပ်နှံသည့် အချိန်တွင် မူရင်းတင်ပြရမည်)
(ဂ) မွေးသက္ကရာဇ်မှန်ကန်ကြောင်း ထောက်ခံချက် (သက်ဆိုင်ရာ ကျောင်းအုပ်ကြီးထောက်ခံချက်)
(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရဲစခန်းနှင့် ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့၏ ထောက်ခံချက်(မူရင်း)
(င) လျှောက်ထားသူနှင့် မိဘနှစ်ပါး၏ နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)များနှင့် အိမ်ထောင်စုဇယား (မိတ္တူ)
(စ) လိုင်စင်ဓာတ်ပုံ (အောက်ခံအပြာရောင်ဖြင့်) (၅) ပုံ (၁.၁x ၁.၃) လက်မ

၅။ လျှောက်လွှာများကို တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်/ငါးလုပ်ငန်းဦးစီးဌာန/ ငါးလုပ်ငန်းစခန်းများနှင့် ငါးလုပ်ငန်းသိပ္ပံ (တွံတေး) သို့ (၃၀-၉-၂၀၂၃) ရက်နေ့ထက် နောက်မကျစေဘဲ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်။ သတ်မှတ်ရက်ထက် နောက်ကျသော လျှောက်လွှာများ၊ မပြည့်စုံသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ တက်ရောက်ခွင့်ရရှိသူအမည်စာရင်းနှင့် ကျောင်းဖွင့်လှစ်မည့်ရက်အား တိုင်းဒေသကြီး/ ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနများနှင့် ငါးလုပ်ငန်းသိပ္ပံ (တွံတေး)မှ ထပ်မံအကြောင်းကြားမည်ဖြစ်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ် ၀၆၇-၄၀၈၄၇၂၊ ၀၆၇-၄၀၈၄၇၃၊ ၀၉-၇၉၁၃၄၄၇၇၃ သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဝင်ခွင့်လျှောက်လွှာ(ပုံစံ)

စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန၊ ဖွံ့ဖြိုးရေးနှင့်သုတေသနဌာနခွဲ၊ ငါးလုပ်ငန်းသိပ္ပံ(တွံတေး)
ငါးလုပ်ငန်းနှင့်ရေသတ္တဝါမွေးမြူရေးဒီပလိုမာဝင်ခွင့်လျှောက်လွှာ

ဓာတ်ပုံ

၁။ လျှောက်ထားသူ၏အကြောင်းအရာ

| အကြောင်းအရာ | အမည် | | လူမျိုး/ဘာသာ | အလုပ်အကိုင် | နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် |
|---|---|---|---|---|---|
| လျှောက်ထားသူ | မြန်မာ | | | | |
| | အင်္ဂလိပ် | | | | |
| ဖခင် | | | | | |
| မိခင် | | | | | |
| မိဘများကွယ်လွန်ပြီးဖြစ်ပါက အုပ်ထိန်းသူ | | | | | |

၂။ လျှောက်ထားသူ၏မွေးသက္ကရာဇ် ---------- ခုနှစ် ---------- လ ---------- ရက်။
၃။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည့်ခုံအမှတ် ---------- ၊စာစစ်ဌာန ----------၊ တိုင်းဒေသကြီး/ပြည်နယ် ----------။
၄။ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ ---------- ဖုန်း ----------။

ရက်စွဲ ----------
(လျှောက်ထားသူလက်မှတ်)



## (၄၇) ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ ဇူလိုင် ၂၃ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၂၂**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပမည့် ၂၀၂၃ ခုနှစ် (၄၇) ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှု ပြိုင်ပွဲအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီက အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်းက ပြိုင်ပွဲနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှ အုပ်ချုပ်သူနှင့် နည်းပြများက ပြိုင်ပွဲနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ အဖွဲ့ချုပ်ဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးသည်။

အဆိုပါပြိုင်ပွဲကို ဇူလိုင် ၂၃ ရက်တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ အမျိုးသား ၁၅ သင်း၊ အမျိုးသမီး ၁၅ သင်းတို့ ယှဉ်ပြိုင်သွားမည်ဖြစ်ရာ မည်သူမဆို အခမဲ့ဝင်ရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**အာကာစိုး**

## တရားမဝင် သစ်မျိုးစုံ၊ အင်ကြင်းကျောက်၊ လူသုံးကုန်၊ စားသောက်ကုန်၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

